


(၁)ရက်၊ မေ လ၊ ၂၀၁၆ ခုနှစ်။

# CBCM Herald

cbcmosc@gmail.com

၀၉၅ ၁ ၅၂၅၈၀၈

စီဘီစီအမ် သတင်း အတွဲ(၁)၊ အမှတ်(၁)




## မြန်မာနိုင်ငံကက်သလစ် ဆရာတော်ကြီးများ ၂၀၁၆ ခုနှစ်

(၅၀)ကြိမ်မြောက် ကမ□ာ့လူထုဆက်သွယ်ရေးနေ့

မေလ(၈)ရက်နေ့၂၀၁၆ ခုနှစ်

(ဆက်သွယ်ခြင်းနှင့် သနားကရုဏာ၊ ကောင်းမွန်၍ အသီးအပွင့်ဖြစ်စေသောတွေ့ဆုံခြင်း)



(50th World Communication Day

May 8, 2016.

Communication and Mercy:

A Fruitful Encounter.


စုပေါင်းလူငယ်သင်တန်း .. စာ(၉)


RVA ဓမ္မသာတရှင်များထံသို့ ......စာ(၁၄)


ပန်ဝါမြို့သို့ကက်သလစ်သာသနာ(၂၅)နှစ်ပြည့်ဂျူဘီလီ .. စာ(၁၃)


နှစ်(၅၀)ပြည့်ရဟန်းဂါဝါတော်ဂျူဘီလီ .. စာ(၇)



ကမ္ဘာအရပ်ရပ်သို့သွားကြ၍ဧဝံဂေလိတရားတော်ကိုဟောပြောကြလော့။
(မာကု ၁၆း၁၅)







## CBCM Herald ဂျနယ်

**နာယက**
ဆရာတော်ပီတာလွီစ်ကျာခူ

**အယ်ဒီတာချုပ်နှင့်ထုတ်ဝေသူ**
ဖာသာရ်လီအို နိန်း ခန့် မန်

**အယ်ဒီတာအဖွဲ့ဝင်များ**
ဖာသာရ်ဂျိမ်းဘရန်ဂျာ
ဖာသာရ် စောလောရင်းစ်
ဖာသာရ် ပီလျံစိုး
ဖာသာရ်ဩဂုတ်စတင်းဌေး
ဖာသာရ် ဘရန်မိုင်

**ထုတ်ဝေခွင့်အမှတ်**
၀၁၇၂၅

**ဖြန့်ချီရေးတာဝန်ခံများ**
အာနားလွန်း၊ ကိုလန်ဘန်
သာသနာ(၁၆)ခုနှင့် သူတော်စင်ဂိုဏ်းများမှ
လူထုဆက်သွယ်ရေးတာဝန်ခံများ

**ဒီဖိုင်းဖွဲ့စည်းပုံ**
စစ္စတာဒေါမိနစ်ဖန်၊ ရှိုင့်မေရီ

**ပုံနှိပ်တိုက်**
စိန်ဖေးပီးယားပုံနှိပ်တိုက်
အမှတ်(၂၇)ဖဆပလရပ်ကွက်၊ ဂျိုးဖြူလမ်း
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။

**CBCM Herald သတင်းစာရုံးခန်း**
မြန်မာနိုင်ငံကက်သလစ်ဆရာတော်ကြီးများကျောင်း
လူထုဆက်သွယ်ရေးရုံးခန်း
၂၉၂(က)၊ ပြည်လမ်း၊ စမ်းချောင်း၊ ရန်ကုန်
ဖုန်း ၀၁ ၅၂၅၈၀၈
cbcmosc@gmail.com

**အတိုင်ပင်ခံများ**
CBCM အထွေထွေအတွင်းရေးမှူး၊
ငြိမ်းချမ်းရေးနှင့် တရားမျှတရေးကော်မရှင်၊
ကက်သလစ်ရှေ့နေများအဖွဲ့။

**ငွေလွှဲရန်**
ရိုးမဘဏ် နှင့် ကမေ□ဇဘဏ် မြေနီကုန်း၊ ရန်ကုန်။
နော်မြတ်နှင်းထွေး (၁၄/ဟသတ(နိုင်)၂၄၆၀၉၅
မ ဒမ် ဝိုက် လွန်း ၁၂/ဥကတ(နိုင်) ၁၅၇၃၃၂

# ကက်သလစ်ဆရာတော်ကြီးများဆိုင်ရာ သတင်းလွှာထုတ်ဝေခြင်း၏ ရည်ရွယ်ချက်များ

- ဧဝံဂေလိသတင်းကောင်းကို ထပ်ဆင့်သယ်ပိုးဆောက်ရွက်နိုင်စေရန်၊
- ရဟန်းမင်းကြီးနှင့် အသင်းတော်တစ်ခုလုံးဆိုင်ရာနောက်ဆုံးရသတင်းများကိုအချိန်မှီပို့ဆောင်နိုင်ရန်၊
- မြန်မာနိုင်ငံရှိသာသနာအသီးသီး၊သူတော်စင်ဂိုဏ်းအသီးသီးနှင့်CBCMကော်မရှင်အသီးသီးတို့သည်နီးကပ်စွာဆက်သွယ်နိုင်စေရန်၊
- မြန်မာနိုင်ငံသားများအားလုံးကိုကောင်းသောသတင်းများအချိန်မှီ(တစ်လတွင်နှစ်ခါ)ထုတ်ဝေရန်၊နောက်ပိုင်းတွင် အထူးသဖြင့်online ဖြင့်ပေးပို့နိုင်ရန်၊
- အာရှသမ္မာတရားလေလှိုင်းအသံ၏ သတင်းထုတ်လွှင့်ခြင်းများကို အထောက်အကူဖြစ်စေရန်၊

# ကက်သလစ်ဆရာတော်ကြီးများဆိုင်ရာလူထုဆက်သွယ်ရေးရုံး

**CBCM-OSC** (Catholic Bishops' Conference of Myanmar - Office of Social Communication)

- မြန်မာနိုင်ငံ၏လူထုဆက်သွယ်ရေးရုံးကို "UNDA" လာတင်းဘာသာဖြင့် လှိုင်းဟုအဓိပ္ပါယ်ရှိကာ ရေဒီယိုနှင့် ရုပ်မြင်သံကြားအတွက်ရည်ညွှန်းသည်။ "OCIC" Organization Catholique International Cinema at de l'Audiovisuael, ရုပ်ရှင်နှင့် အကြားအမြင်အတွက် နိုင်ငံတကာကက်သလစ် အစည်းအရုံးဟူ၍ ၁၉၂၈ ခုနှစ် Brussel တွင် အခြေပြုတည်ထောင်ခဲ့သည်။ "UNDA" နှင့် "OCIC"နှစ်ခုပေါင်းစပ် ၂၀၀၀ ခုနှစ်တွင် "Signis" ဟုပြောင်းလဲခေါ်ဆိုကြသည်။ **"Signis"** သည် လာတင်းဘာသာစကားဖြစ်သော **"Signum"** လက္ခဏာ နှင့် **"Ignis"** မီး ဟူသော စာလုံးနှစ်ခုကို ပေါင်းစပ်ထားခြင်း ဖြစ်သည်။ Signis သည် ကက်သလစ် သာသနာ၏ လူထုဆက်သွယ်ခြင်းကိုအထောက်အကူဖြစ်စေသော ကဏ္ဍတစ်ခုသာဖြစ်သည်။ ပြည့်စုံသော ကက်ကလစ်လူထုဆက်သွယ်ခြင်းဖြစ်စေရန် လိုအပ်သည့် အင်္ဂါရပ်သုံးခုဖြစ်သော အသံ၊ ရုပ်နှင့် စာပေတို့ ပါဝင်ပေါင်းစည်းမှသာလျှင် ပြည့်စုံသော ကက်သလစ် လူထုဆက်သွယ်ရေးဖြစ်လာပါမည်။ ထို့ကြောင့် ရဟန်းမင်းကြီး ရုံးတော်ဆိုင်ရာ လူထုဆက်သွယ်ရေးရုံး၏ လမ်းညွှန်မှုအတိုင်း Signis အစား Office of Social Communications- **OSC** ဟု အပြည့်အစုံ သုံးနှုန်းခေါ်ဆိုခြင်းဖြစ်ပါသည်။
- မြန်မာနိုင်ငံကက်သလစ်ဆရာတော်ကြီးများဆိုင်ရာလူထုဆက်သွယ်ရေးရုံးကို ၁၉၇၇ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပါသည်။ လူထုဆက်သွယ်ရေးတာဝန်ယူခဲ့ကြသော ဆရာတော်ကြီးများမှာ ဂိုဏ်းချုပ်ဆရာတော်ကြီး Alphonse U Than Aung (မန္တလေး၊ ကွယ်လွန်) (၁၉၇၇ မှ ၁၉၈၀)၊ ဂိုဏ်းချုပ်ဆရာတော်ကြီး Paul Grawng မန္တလေး (၁၉၈၄ မှ ၁၉၈၄)၊ ဆရာတော်ကြီး Isaac Danu တောင်ငူ (၁၉၈၅ မှ၂၀၀၀)၊ ဆရာတော်ကြီး Peter Hlaဖယ်ခုံ(၂၀၀၀ မှ ၂၀၁၄)၊ ဆရာတော်ကြီး Peter Louis Ca Ku ကျိုင်းတုံ (၂၀၁၄ မှ လက်ရှိ)သာသနာ အသီးသီးတို့ဖြစ်ကြပြီး လက်ထောက် ဘုန်းတော်ကြီးများမှာ Fr. Anthony Thein Aung တောင်ငူ(၁၉၇၇ မှ ၁၉၈၄)၊ Fr. Stephen U Cho ပုသိမ်(၁၉၈၅ မှ ၁၉၈၉)၊ Fr. Raphael Mahn Thakhklein ပုသိမ် (၁၉၈၉ မှ ၂၀၀၀)၊ Fr. Marthinn Aye Ngwe ပုသိမ်(၂၀၀၀ မှ ၂၀၀၃)၊ Fr. Benedict Htay Lwinရန်ကုန်(၂၀၀၄ မှ ၂၀၁၀)နှင့် Fr. Leo Mang(sdb) (၂၀၁၁ မှ လက်ရှိ)တို့က တာဝန်အသီးသီး ထမ်းဆောင် ကြပါသည်။ (CBCM-OSC)

# စာစောင်အတွက်ဖိတ်ခေါ်ခြင်း

- CBCM Herald သတင်း စာဖတ်သူများ၏ ဝယ်ယူအားပေးမှုသည် ဤစာစောင်ကို ပုံမှန်ဆက်လက်ထုတ်ဝေနိုင်၍ ပိုမိုကောင်းမွန် တိုးတက်လာစေရန် အဓိက အသက်ဖြစ်ပါသည်။
- တစ်စောင်ကို(၃၀၀)ကျပ်ဖြစ်၍ တစ်လကိုနှစ်စောင်လျှင် (၅၀၀)ကျပ်၊ တစ်နှစ်စာကို (၆၀၀၀) ကျပ် ဖြင့် မိမိတို့နှင့်အနီးစပ်ဆုံး ကက်သလစ်ဆရာတော်ကြီးကျောင်းတိုက်ရှိ လူထုဆက်သွယ်ရေးရုံး တို့တွင် အားပေးနိုင်ပါသည်။
- ရန်ကုန်မြို့တွင်အားပေးသောစာဖတ်သူများအတွက်လည်း မိမိတို့၏ parish တိုင်းတွင်ပုံမှန်ရရှိနိုင်သကဲ့သို့CBCM-OSC ရုံး(ဖုန်း ၀၁ ၅၂၅၈၀၈) သို့ဆက်သွယ်ကာ အားပေးမှာယူနိုင်ပါသည်။

## CBCM Herald စာဖတ်သူများအားပန်ကြားခြင်း။

နိုင်ငံတော်အစိုးရ၏စာပေထုတ်ဝေခွင့် ခွင့်ပြုမိန့်အမှတ်ကို စောင့်ဆိုင်းနေခြင်းကြောင့်(၁၅)ရက်တစ်ခါထုတ်ဝေသော စီဘီစီအမ်စာစောင်ကို ဧပြီလ(၁၅)ရက်နေ့တွင် မထုတ်ဝေခဲ့ခြင်းအတွက်အထူးပန်ကြားလိုပါသည်။ ယခု ထုတ်ဝေသော စာစောင်တွင် စာစောင်ပုံစံနှင့်အတူစာမျက်နှာကိုပါတိုးလျှက် ထုတ်ဝေထားသကဲ့သို့ ပိုမိုကောင်းမွန်သောစာစောင်အဖြစ်ထုတ်လုပ်နိုင်ရန် ဆက်လက်ကြိုးစားနေပါကြောင်း အသိပေးအပ်ပါသည်။ သာသနာအသီးသီးမှသော်လည်းကောင်း၊ သူတော်စင်ဂိုဏ်းအသီးသီးမှသော်လည်းကောင်း သတင်းများကို cbcmosc@gmail.com သို့ပေးပို့နိုင်ပါသည်။ စာစောင်တွင်ကြော်ငြာများကိုလည်း ထည့်နိုင်သလို အလှူဒါနများကိုလည်း ကြိုဆိုလက်ခံနေပါကြောင်းသတင်းကောင်းပါးအပ်ပါသည်။ အယ်ဒီတာချုပ်








## ငြိမ်းချမ်းရေးတည်ဆောက်ရာ၌ အမျိုးသမီးများ၏ကဏ္ဍကို အသိအမှတ်ပြုရန် ဗာတီကန် ရုံးတော်မှ တိုက်တွန်း နှိုးဆော်ခြင်း

ဗာတီကန်မှ ယူနိုက်တက်နေရှင် အတွက် တာဝန်ခံသည် နယူးယောက်သို့ရောက်ရှိကာ၊ နိုင်ငံတော်ကောင်းကျိုးအတွက် ရည်ရွယ်၍ ကျန်းမာရေး၊ပညာရေး၊ လူငယ်များ၏လူ့ဘဝတန်ဖိုးစသည်တို့အတွက် ထောင်သောင်းများစွာသော လူသားများ ဖွံ့ဖြိုးတိုးတက်ခြင်းကို ရည်ရွယ်ကာ ကိုယ်ကျိုးမဖက် အဖွဲ့အစည်းဖြင့် ဆက်ကပ် လုပ်ဆောင်ကြသော အမျိုးသမီးများအဖွဲ့ အစည်းထံသို့ အလည်အပတ်ကြွရောက် ခဲ့ပါသည်။




မတ်လ ၂၈ ရက်နေ့ကကျင်းပခဲ့သည့် အမျိုးသမီးငြိမ်းချမ်းခြင်းနှင့် လုံခြုံမှုဟူသော ကောင်စီညီလာခံတွင် ဂိုဏ်းချုပ်ဆရာတော်ကြီး Bernardito Auza က အာဖရိကရှိ အမျိုးသမီးများ၏ ကဏ္ဍ၊ ပဋိပက္ခများနှင့်သံဒိုင်္ကြာန်စသည့် အကြောင်းအရာခေါင်းစဉ်ဖြင့် မိန့်ကြားကာ၊ အခက်အခဲများကြားကပင်၊အမျိုးသမီးများ၏ စွမ်းဆောင်နိုင်မှုရှိခြင်း၊သတ္တိနှင့်ဆက်ကပ်ခြင်းများကိုငှင်း၊ ပဋိပက္ခများ အလယ်တွင်အဓမ္မပြုကျင့်ခံရသည့် ဒုက္ခသည်အမျိုးသမီးများနှင့်မိန်းကလေးငယ်များ တို့သည်၊ သူတော်စင်ဂိုဏ်းများမှမဟုတ်ပဲအထက်ပါအမျိုးသမီးများ ဦးဆောင်သော အဖွဲ့အစည်းတွင်၊ လုံခြုံမှုနှင့်နားလည်မှု ရရှိကာ မကြာခဏခိုလှုံခဲ့ကြသည်ဟုဂိုဏ်းချုပ်ဆရာတော်ကြီးက မြွက်ကြားခဲ့ပါကြောင်းဗာတီကန်ရေဒီယိုမှသတင်းရရှိပါသည်။ (RVA မြန်မာ)

## မိသားစုဓမ္မညီလာခံ၏တိုက်တွန်း နှိုးဆော်စာထုတ်ပြန်ခြင်း

ဧပြီလ(၈)ရက်နေ့တွင် မိသားစုအသက်တာ ဓမ္မညီလာခံအတွက်ထုတ်ပြန်သည့် တမန်တော်ကြီးဆိုင်ရာ တိုက်တွန်းနှိုးဆော်စာကိုထုတ်ပြန်ခဲ့ပါသည်။

ထိုတိုက်တွန်းနှိုးဆော်စာကို ပုပ်ဖရန်စစ် အရှင်သူမြတ်မှ ကြာမြင့်စွာ စောင့်ဆိုင်းနေခဲ့ပြီး ကမ□ာပေါ်ရှိ တိုင်းပြည်အသီးသီး ကက်သလစ်များ၏ အကြံပြုချက်များဖြင့် သုံးနှစ်နီးပါးရေးဆွဲ ပြင်ဆင်ခဲ့ရခြင်းဖြစ်ပါသည်။ အဆိုပါ တိုက်တွန်း စာ၏ခေါင်းစဉ်မှာ ချစ်ခြင်းမေတ္တာ၏ ဂမ်းမြောက်မှု The Joy of Love ဖြစ်ပါသည်။

ခိုင်မာအခြေကျသော မိသားစုများသည် ကလေးသူငယ်များ ချစ်ခြင်းမေတ္တာနှင့်ရှိသေလေးစားမှုကို သင်ယူရန်နေရာ အခြားသူများနှင့်အပြန်အလှန် ဆက်ဆံကြရာနေရာကြံ့ခိုင်သော လူ့အဖွဲ့အစည်းတည်ဆောက်ရာ အခြေခံအုတ်မြစ်ဖြစ်ကြောင်း ဖေါ်ပြထားသည့် အသင်းတော်၏သွန်သင်ချက်အတွက်ထိုတိုက်တွန်းနှိုးဆော်စာတွင် အခိုင်အမာ ရပ်တည်ပေးထားပါသည်။ မိသားစုအသက်တာ၌ ရင်ဆိုင်ရသော စိန်ခေါ်မှုများအား နမူနာထားလျက် သာသနာတော်ကြီး၏ သွန်သင်ချက်များနှင့်အညီ ရှင်သန်ခြင်းမရှိသောသူများအား စီရင်ဆုံးဖြတ်မည့်အစား ကက်သလစ်တို့သည် လူအပေါင်းတို့အား ဂရုဏာပြကြရန် သတိပေးထားကြောင်း ဗာတီကန်မှ သတင်းရရှိပါသည်။

(RVA မြန်မာ)

---------------------------------------

## ပုပ်ဖရန်စစ်နှင့် ဂျူဘီလီလူထု ပရိတ်သတ်တွေ့ဆုံ

ဧပြီလ (၉)ရက်နေ့နံနက်တွင် ပုပ်ရဟန်းမင်းကြီး အရှင်သူမြတ်သည် သနားကြင်နာခြင်းဂျူဘီလီပွဲတော် အစီအစဉ်အဖြစ် လစဉ်လူထုပရိတ်သတ်နှင့်တွေ့ဆုံခြင်း ပေးကမ်းလှူဒါန်းခြင်းတို့၏ ဆက်နွယ်ပုံကို အရှင်သူမြတ်က ရှင်းပြခဲ့ပါသည်။ ပေးကမ်းလှူဒါန်းခြင်းသည် သနားကြင်နာခြင်းနှင့် နီးနီးကပ်ကပ် ဆက်စပ်လျက်ရှိပါ သည်။ သမ္မာကျမ်းစာတစ်အုပ်လုံးတွင်လည်း ထပ်ခါ ထပ်ခါ ပါရှိသည်မှာ ဆင်းရဲသူ ဆင်းရဲသားများ၊ စွန့်ပစ်ခံ အထီးကျန်သူများ၊ သူစိမ်းဧည့်သည်များ၊ မိဘမဲ့များ၊ မုဆိုးမများအား စောင့်ရှောက်ရန် ဘုရားသခင်မှ ကျွန်ုပ်တို့ကို ဖိတ်ခေါ်ထားသည့် အကြောင်းပင်ဖြစ်သည်။

ထိုဖိတ်ခေါ်ချက်မှာလည်း ထူးခြားသည့်ညွှန်ကြားချက်ရှိသည်။ သင်ပေးကမ်းလှူဒါန်းသည့်အခါတွန့်တိုသောနှလုံးသားဖြင့်မဟုတ်ပဲရက်ရောသောနှလုံးသားဖြင့် ပေးကမ်းလှူဒါန်းပါ။ အဓိပ္ပါယ်က ကရုဏာရေးလုပ်ငန်းလုပ်သည့်အခါအရင်ဆုံးရှိရမည့်အချက်မှာ အတွင်းစိတ်၌ဂမ်းမြောက်ခြင်း စိတ်သဘောထားဖြစ်ပါသည်။ ပူဇော်သောသနားခြင်းသည် ဝန်ထုတ်ဝန်ပိုးမဖြစ်ရပါ။ စိတ်ငြီုငြင်စရာလည်းမဖြစ်ရပါ။ ထိုအရာများနှင့်ကင်းဝေးသောလုပ်ဆောင်ခြင်းဖြစ်ရပါမည်။ ပေးကမ်းလှူဒါန်းခြင်းအားဖြင့်သနားကြင်နာခြင်းကိုကျင့်သည့်အခါ ကျွန်ုပ်တို့ကူညီပေးမည့်သူ အမှန်တကယ် လိုအပ်သည့်အရာကိုသိရန်၊ သူတို့၏မျက်နှာကိုကြည့်ကြရပါမည်။တစ်ချိန်တည်းတွင် ကျွန်ုပ်တို့ လုပ်ဆောင်မည့် အလှူအဒါန်းသည် အမှန်တကယ် လိုအပ်သည့်သူကို မည်သို့ကူညီနိုင်သနည်းဟု သေသေချာချာ စမ်းစစ်ရပါမည်။

အတိုချုပ်ပြောရလျှင် ပေးကမ်းလှူဒါန်းခြင်းသည် ကျွန်ုပ်တို့နှင့်တွေ့ဆုံသည့်သူများထံပြသည့် မေတ္တာတရား လုပ်ငန်းပင်ဖြစ်ပါသည်။ ပေးကမ်းလှူဒါန်းခြင်းသည် ကျွန်ုပ်တို့၏အနားတွင်ရှိသောသူများ၊အကူအညီလိုအပ်သူများအတွက် ရိုးသားဖြူစင်စွာစောင့်ရှောက်မှုပေးခြင်းဖြစ်ပါသည်ဟု မြွက်ကြားခဲ့ပါသည်။

ဆက်လက်၍အရှင်သူမြတ်ကသူတစ်ပါး၏ ချီးမွမ်းခြင်းခံရအောင်၊ ချစ်ခင်နှစ်သက်ခြင်းခံရအောင်ပေးကမ်းလှူဒါန်ခြင်းကို မလုပ်ဆောင်သင့်ပါ။ ဤကောင်းမှုကို ပြုသည့်နေရာတွင် ရေတွက်ခြင်းခံရခြင်းသည် အပေါ်ယံလုပ်ဆောင်မှုမဟုတ်ပါ။ အကူအညီ လိုအပ်သည့်သူကို သေချာကြည့်၍လုပ်ဆောင်ခြင်းဖြစ်ပါသည်။ ယေရှုးခရစ်တော်မိန့်တော်မူခဲ့သည့်အတိုင်း ကျွန်ုပ်တို့လုပ်ဆောင်သည့်အရာ၏တန်ဖိုးကို ဘုရားသခင်သာ နားလည်နိုင်သည့်နေရာ၊သိမြင်နိုင်သည့်နေရာ၊ ပေးကမ်းလှူဒါန်းခြင်းကို ပြုရသည်ဟု သတိပေးခဲ့ပါသည်။

နောက်ဆုံးတွင် အရှင်သူမြတ်က ပေးကမ်းခြင်းကို ပြုလုပ်ရာ၌ မြိုးမြံခြင်းလည်းပါရမည်ဖြစ်သည်။ ထိုနည်းသည် ဆင်းရဲသူ၊ဆင်းရဲသားများနှင့် ကျွန်ုပ်တို့ကို ပေါင်းစည်းစေသည်။သင်တို့ကိုပေးရန်ကျွန်ုပ်ပိုင်ဆိုင်နိုင်သည့် အရာများတစ်ချို့ကိုမသုံးစွဲပဲထားရှိသည်။ မိဘများသည် သားသမီးများအား မိမိ၌ရှိသောအရာကို ရက်ရောခြင်းရှိရန်သင်ကြားပေးရမည်ဖြစ်သည်ဟု မြွက်ကြားခဲ့ကြောင်း ဗာတီကန်ရေဒီယိုမှ သိရှိရပါသည့်။ (RVA မြန်မာ)

## မေလ အတွက်ရဟန်းမင်းကြီးအရှင်သူမြတ်၏ရည်ရွက်ချက်

**တစ်ကမ□ာလုံးအတွက်။ အမျိုးသမီးများအားလေးစားရန်။** ။ ကမ□ာ့နိုင်ငံအသီးသီးတွင် အမျိုးသမီးများသည်ဂုဏ်ပြုခြင်း၊ အလေးထားခြင်းခံရ၍ လူ့အသိုင်းအဝိုင်း၌ သူတို့၏ ပူးပေါင်းပါဝင်မှုများကို အလေးထားရန်ဖြစ်သည်။

**ဧဝံဂလိတရားပြန့်ပွားခြင်းအတွက်။** ။ မိသားစုတိုင်း၊ အဖွဲ့အစည်းတိုင်းသည် ဧဝံဂလိတရားပြန့်ပွားခြင်းနှင့်ငြိမ်းချမ်းရေးအတွက် စိပ်ပုတီးကိုစိပ်ကြရန်ဖြစ်သည်။

## ရဟန်းမင်းကြီးနှင့်မီးသတ်သမားများ



(၁၃၊၄၊၂၀၁၆) ဗုဒ္ဓဟူးနေ့၌ ပုပ်ရဟန်းမင်းကြီး ဖရန်စစ်သည် စိန့်ပီတာရင်ပြင်တော်၌ ဗုဒ္ဓဟူးနေ့တိုင်း အပတ်စဉ် ဩဝါဒပေးတော်မူ၍ ပြီးဆုံးသည့် နောက်တွင် ပုံမ်ပိုင်းရားဒီပဲရစ်ဟု အမည်ရှိသော ပဲရစ်မြို့မှ မီးသတ်သမားများအဖွဲ့ကိုလက်ခံတွေ့ဆုံတော်မူခဲ့သည်။

## သူတော်စင်ဘောင်သို့ခေါ်တော်မူခြင်းနေ့



ဧပြီလ ၁၇ နေ့၌ ပုပ်ရဟန်းမင်းကြီးဖရန်စစ် အရှင်သူမြတ်သည် စိန်ပီတာ ဘုရားကျောင်းတော်ကြီးတွင်သူတော်စင်ဘောင်သို့ခေါ်တော်မူခြင်းနေ့ဂုဏ်ပြုသောအားဖြင့် ရဟန်းလောင်း(၁၁)ပါးတို့ကို ရဟန်းသိက္ခာတင်ပေးခဲ့ပါသည်။

အရှင်သူမြတ်က "သင်တို့၏သမိုင်းကိုအမှတ်ရကြပါ။သံပေါလူးမိန့်ကြားသကဲ့သို့ ဘုရားစကားနှင့် အမိကက်သလစ် သာသနာတော်အားဖြင့် သော်လည်းကောင်း၊ သင်တို့၏မွေးမိခင်များ၊ အဖွားများအားဖြင့် သင်တို့ရရှိသော အသက်ပေးနှုတ်ကပါတ်တော် အရှင်သခင်၏ကျေးဇူးတော်ကို သိမှတ်ကြပါ။ သင်တို့၏ဘဝတွင် ခရစ်တော်၏သေခြင်းနှင့် အသစ်သော အသက်တာကို ခရစ်တော်နှင့်လျှောက်လှမ်းခြင်းဖြင့် ရှင်သန်စေပါ၊ လက်ဂါးကားတိုင်မပါပဲ သင်တို့သည် စစ်မှန်သော ယေရှုသခင်ကိုမည်သည့်အခါမျှ တွေ့ရမည် မဟုတ်၊ ခရစ်တော်မပါသောလက်ဂါးကားတိုင်သည် အဓိပ္ပါယ်မရှိပါ၊ ထိုခရစ်တော်သခင်၏နာမတော်နှင့် အမိကက်သလစ်သာသနာတော်၏နာမတော်အားဖြင့် ကြင်နာသနားတတ်ပါ၊ သင်တို့တစ်ဦးစီကို ဘုရားရှင်က နာမည်နှင့်ရွေးပြီးခေါ်နေသည်ကိုလုံးဝမမေ့ကြပါနှင့်" ဩဝါဒတွင် မိန့်ကြားခဲ့ပါသည်။

ဆက်လက်၍ ပရိတ်သတ်များနှင့်အတူ နေ့



လည် Regina Coeli မေတ္တာရွက်ဆိုချိန်တွင် အရှင်သူမြတ်က "ကျွန်ုပ်တို့သည် ရဟန်းဘောင်အတွက်သော်လည်းကောင်း၊ သူတော်စင်ဘောင်အတွက်သော်လည်းကောင်းခေါ်တော်မူခြင်းများများရရှိရန်ဆုတောင်း

## (၈၉)နှစ်ပြည့်မွေးနေ့



၁၆၊၄၊၂၀၁၆နေ့သည် အနားယူသွားသော ပုပ်ရဟန်းမင်းကြီးဘက်နဒစ်(၁၆) အရှင်သူမြတ်၏ (၈၉)နှစ်ပြည့်မွေးနေ့ပွဲတော်ဖြစ်ပါသည်။

ဂရိကျွန်းစုရှိ Lesboလက်စဘောစ်သို့ အလည်အပတ်သွားနေသောရဟန်းမင်းကြီး ဖရန်စစ် အရှင်သူမြတ်၏ မွေးနေ့နှုတ်ဆက်သတင်းစကားမှာ "လက်စဘောစ်သို့ခရီးသွားနေကြသောသူများက အလွန်ကြည်ညိုလေးစားရ၍ချစ်ခင်ရပါသောအရှင်သူမြတ်ဘက်နဒစ်(၁၆) ၏ ၈၉ နှစ်မြောက်မွေးနေ့တော်အတွက် အထူးသတိရ ဆုတောင်းပေးပါကြောင်းနှင့် အမိကက်လသစ်သာသနာတော်အတွက် ဆုတောင်းခြင်းနှင့်အစေခံခြင်းဖြင့် ဆက်ကပ်ပေးခြင်းတို့အတွက် ထာဝရဘုရှင်၏ကောင်းကြီးတော်သည်အရှင်မြတ်အပေါ် အစဉ်သက်ရောက်ပါစေကြောင်း ဆုတောင်းပေးပါသည်" သတင်းပို့ခဲ့သည်ဟုဗာတီကန်ရေဒီယိုမှသိရှိရပါသည်။



ဂျာမနီနိုင်ငံသားပုပ်ဘက်နဒစ်(၁၆)၏ မိဘများမှာ Georg Tatzinger နှင့်Maria Ratzingerတို့ဖြစ်ကြ၍ပုပ်ဘက်နဒစ်(၁၆)သည်၂၀၁၃ခုနှစ်တွင်ရဟန်းမင်းကြီးအဖြစ်မှအနားယူခဲ့ခြင်းဖြစ်ပါသည်။ ပုပ်ဘက်နဒစ်၏ အစ်ကိုမွန်စီညော်Georg Ratzinger သည် ၂၉ ဇွန်လ ၁၉၂၄ ခုနှစ် (၉၂နှစ်) တွင်မွေးဖွား သည်။ (CBCM-osc)

====================

## တစ်လုံးတစ်ဝတည်းရှိခြင်း



ပုပ်ရန်မင်းကြီးဖရန်စစ်အရှင်သူမြတ်သည် ၁၆၊ ၄၊ ၂၀၁၆ နေ့တွင် ဂရိကျွန်းစုရှိ Lesbos လက်စဘောစ်သို့အလည်အပတ်သို့ရောက်ခဲ့ကာ ဝန်ကြီးချုပ် Alexi Tsipras နှင့်တွေ့ဆုံခဲ့သည်။ သူတို့၏တွေ့ဆုံချိန်တွင် ကျွန်းစုတွင်ရှိသော ဒုက္ခသည်များ နှင့် ရွှေ့ပြောင်းသူများ၏ အရေးကို အဓိကဆွေးနွေးခဲ့ကြသည်။

ပုပ်ရန်မင်းကြီးဖရန်စစ်အရှင်သူမြတ်သည်ဆီးရီးယါးမိသားစုသုံးစုနှင့်သူတို့၏မိသားစုဝင် ၆ယောက် တို့ကို ဂရိကျွန်းစုရှိ လက်စဘောစ်မှ သူ၏၆ နာရီကြာ အလည်အပတ်ကြွရောက်ခြင်းအပြန်ခရီးတွင် ရောမမြို့ သို့ခေါ်ဆောင်လာခဲ့သည်။ ထိုရွေးချယ်ခံရသော ဆီရီးယား ၁၂ ဦးတို့သည် ဥရောပနှင့်တူရကီတို့၏သဘော တူညီချက်မယူမီကတည်းက ဒုက္ခသည်စခန်းတွင်ရှိနေပြီးသော သူများဖြစ်ကြသည်။

အရှင်သူမြတ်သည်ဒုက္ခသည်များနှင့်တစ်လုံးတစ်ဝတည်းရှိခြင်းနှင့်သူတို့ကိုနွေးထွေးစွာကြိုဆိုခြင်း အသွင်ဆောင်ခြင်းဖြင့် ဗာတီကန်နှင့်သော်လည်းကောင်း၊ ဂရိနိုင်ငံနှင့်သော်လည်းကောင်း အီတလီအာဏာပိုင် တို့အကြား ဆွေးနွေးခြင်းတို့ကို မီးမောင်းထိုးပေးခြင်း ဖြစ်သည်။

ရဟန်းမင်းကြီးအရှင်သူမြတ်ခေါ်ဆောင်လာသော ဒုက္ခသည်များသည် မူဆလင်ဘာသာဝင်များဖြစ်ကာ မိသားစုနှစ်စုတို့မှာ ဒါမစကစ်းမှဖြစ်ကြ၍ မိသားစုတစ်စုမှာIS များထိန်းချုပ်ထားသည့် ဒီးယားအာဇောင်းမှ ဖြစ်ကြသည်။ သူတို့၏အိမ်ယာများသည် လက်နက်ကြီးဒဏ်များကြောင့်ပျက်စီးခဲ့ရသည်။

ဤဒုက္ခသည်များကို ကူညီစောင့်ရှောက်ရန် ဗာတီကန်မှတာဝန်ယူပေးမည်ဖြစ်သည်။ လတ်တလော နေထိုင်ရန်ရဟန္တာအီဂျီနီးရိပ်သာတွင်ထားရှိကြောင်း ဗာတီကန် သတင်းအရသိရှိရပါသည်။ (CBCM-osc)

====================

ဖို့လိုအပ်ကြောင်း၊ ရဟန်းအသစ်များနှင့်သူတို့၏မိသားစု သူငယ်ချင်းများကို ထပ်မံ၍နှုတ်ဆက်ပါကြောင်း၊ သနားကြင်နာခြင်းမဟာဂျူဘီလီနှစ်၏ ဇွန်လ ပထမသုံးရက်တွင်ကျင်းပမည့် ရဟန်းတော်များ၏ ဂျူဘီလီတွင်အားလုံးပါဝင်ကြရန်တိုက်တွန်းပါကြောင်း၊ ရဟန်းသိက္ခာခံယူခဲ့သောသူများထဲတွင် အသက်အငယ်ဆုံးသူမှာ ၂၆နှစ် ရှိပြီး အသက်အကြီးဆုံးဖြစ်သူမှာ ၄၄ နှစ် ရှိပြီဖြစ်ကြောင်း ဗာတီကန်သတင်းအရ သိရှိရပါသည်။ (CBCM-osc)

## သမိုင်းဝင်နံရံတံတိုင်းများပြိုလဲစေ...သနားကရုဏာတံတားများတည်ဆောက်စေ

ရန်ကုန်သာသနာ

ဒီနှစ် ကမ[?]တစ်ဝန်းကျင်းပနေသော ကြာသပ တေးနေ့ကြီးသည်သမိုင်းဝင်နေ့တစ်နေ့ဖြစ်စေခဲ့ပါသည်။ အဘယ်ကြောင့်ဆိုသော် အရှင်သူတော်မြတ် ဖရန်စစ်သည်၎င်းနေ့ထူးနေ့မြတ်ကိုသနားကရုဏာနေ့၊ပြန်လည်သင့်မြတ်ခြင်းနေ့အဖြစ်သတ်မှတ်သောကြောင့်ဖြစ်သည် ထိုနေ့တွင် ခရစ်ယာန်တို့၏အစေခံသင်္ကေတ ကိုပြသသောအားဖြင့် ဆင်းရဲသားများနှင့် အပယ်ခံရသူများတို့၏ခြေကို ဆေးကြောရန် လိုအပ်ကြောင်းနှင့် သင့်လျော်ကြောင်း တိုက်တွန်းနှိုးဆော်ထားပါသည်။

ကာဒီနယ်ချားလ်စ်ဘိုက ထိုတိုက်တွန်းနှိုးဆော်ချက်ကို လိုက်လှဲစွာလက်ခံသည့်အပြင် သူ၏ရဟန်းတော်များကိုလည်းထပ်ဆင့်လမ်းညွှန်ခဲ့သည်။ကြာသပတေးနေ့ကြီး မစ္ဆားတရားတော်မြတ်ကို ရန်ကုန် တိုင်း၊ သဃ်န်းကျွန်းရပ်ကွက်၊စိန့်ဂျိုးဇက်ဘုရားရှိခိုးကျောင်းကို ရွေးချယ်ရခြင်းမှာ ၎င်းရပ်ကွက်သည်ဆိုက္ကား ဆရာများ၊ ကျပန်းအလုပ်သမားများ၊ မုန့်သွားရည်စာရောင်းသမား



လည်း အများဆုံးခံရ သောနေရာလည်းဖြစ်သည်။ ကျောင်းထိုင်ဘုန်းတော်ကြီး ဖာသာရ်ဆိုင်မွန်သည် ရပ်ကွက်အတွင်းရှိ ခရစ်ယာန်၊ ဗုဒ္ဓ၊ မွတ်ဆလင် ဘာသာတစ်ခုစီမှ ကိုယ်စားလှယ် တစ်ဦးစီကို၎င်း၊ ဆိုက္ကားဆရာများ၊ ကျပမ်းသမားများ၊မုန့်သွားရည်စာအရောင်းသမား၊ အမျိုးသမီး၊ လူမမာတို့မှကိုယ်စားလှယ် တစ်ဦးစီကို၎င်း ရွေးချယ်ကာ သူတို့၏ခြေကို ဆေးကြောပေးခဲ့သည်။ တစ်ဖန် ပါစကားပွဲတော်ကြီး စီတန်းလှည့်လည် ရာတွင် ဘာသာပေါင်းစုံမှ ပါဝင်ကြသည်မှာ မြင်ရသူတိုင်းအဖို့ အံ့မခန်းဖြစ်စေခဲ့သည်။ ထိုသို့ပြုခြင်းသည် ခရစ်တော်၏ ချစ်ခြင်းမေတ္တာသည် အားလုံးအတွက် ဖြစ်သည် ဟု ပြသခြင်းပင်ဖြစ်သည်။ ဤအခမ်းအနားသည် ရိုးရှင်းပေမဲ့ ထူးခြား၏။ ဘာသာရေးအရကြည့်လျှင် အစ္စလာမ် ဘာသာများသည် အနှိမ်ခံရဆုံး ဖြစ်သော်လည်း ဤ ပါစကား ပွဲတော်ကြီးသည် ခွဲခြားဆက်ဆံခြင်းကို ဖြိုခွဲ ပစ်လိုက်လေသည်။ဘာသာတူတစ်ဦးက"ဘယ်ဘာသာ ရေးဘဲဖြစ်နေဖြစ်နေ အားလုံးကညီအစ်ကိုလိုပဲ ခံစားရ တော့တယ်" ဟု ပြောကြားခဲ့ သည်။ ဤသို့ သေးငယ် နိမ့်ချသော အမှုကိစ္စဖြင့် ကာဒီနယ်ချားလ်စ်ဘိုသည် လူ များ၏စိတ်နှလုံးတို့ကို ဆွဲဆောင်နိုင်ခဲ့သည်။

သခင်ယေရှုက နောက်ဆုံးညစာစားပွဲတွင် သူကိုယ်တိုင် ရဟန်းဘဝနှင့်ကိုယ်တော်မြတ်စက္ကရမင်း တူးကို တည်ထောင်ခဲ့သည်။ ကျွန်ုပ်တို့နိုင်ငံသည် သွေး ချောင်းစီးခြင်း၊ ဆင်းရဲခြင်းနှင့်ခွဲခြားဆက်ဆံခြင်း ရှိသည့် နိုင်ငံဖြစ်သော်ငြားလည်း ကြာသပတေးနေ့ကြီး၏ ခြေ ဆေးခြင်းသည် ၎င်းတို့ကိုအောင်နိုင်ခဲ့သည်ဟုယုံကြည် ကြသည်။ (CBCM-osc)

## အာရ်ဗွီအေ ကရင်ဘာသာသောတရှင်တွေ့ဆုံပွဲ နှင့် နှစ်ပတ်လည်အခမ်းအနားကျင်းပခြင်း

RVA





RVA သောတရှင် စစ်တမ်းကောက်ယူကာ၊ မေးခွန်းများဖြေဆိုနေကြစဉ်

RVA ကရင်ဘာသာ အစီအစဉ်၏ သောတရှင်တွေ့ဆုံပွဲနှင့် နှစ်ပတ်လည်အစီအစဉ်ကို ဧရာဝတီတိုင်း၊ ဝါးခယ်မမြို့နယ် ကနစိုးကုန်းကျေးရွာတွင်၊ မတ်လ (၃၁) ရက်နေ့မှဧပြီလ (၁) ရက်နေ့ထိ ကျင်းပ ခဲ့ပါသည်။ (၃၁)ရက်နေ့တွင် ရပ်နီးရပ်ဝေးမှ RVA သောတရှင် အသီးသီးညအိပ်တည်းခိုရန် ရောက်ရှိလာကြသော၊ ထိုနေ့ညနေ၌ ညနေစာ သုံးဆောင်အပြီး ည(၇)နာရီ မိနစ် (၃၀) တွင်၊ အဖွင့် ဆုတောင်း မေတ္တာဖြင့် အစီအစဉ်ကို စတင်ခဲ့ပါသည်။ အဖွင့်မေတ္တာ အပြီးတွင်၊ကနစိုးကုန်းကျောင်းထိုင် ဘုန်းတော်ကြီး ဖာသာရ် ကာရိုလုဒ်(စ်)၏ ကြိုဆိုနှုတ်ဆက်အမှာစကားကို၎င်း၊ ကရင်ဘာသာအစီအစဉ်မှ ဖာသာရ်ဟင်နရီ အိုင်ခလိန် တို့၏ အဖွင့်အမှာစကားကို၎င်းကြားနာခဲ့ကြပြီး ချမ်းသာကုန်းသာသနာမှ သက်ထွေးကလေးငယ်များ၏ အဖွင့် နှုတ်ဆက်သီချင်း ကရင်အမျိုးသားရေး စုံတွဲသီချင်း၊ ကရင်ဒုံးယိမ်းအကတို့ဖြင့်လှပညီညာစွာ တင်ဆက်ဖျော် ဖြေခဲ့ကြကာ၊ RVA ကရင်ဘာသာအစီအစဉ်တာဝန်ခံ၊ ဖိလစ်ပိုင်မှ ဖာသာရ်စောဟူးဆတ်က အာဗွီအေ နှင့် အင်တာနက် အွန်လိုင်းအစီအစဉ်အကြောင်းကို ပွိုနိုင်း ပုံကြီးများဖြင့်၊အကျယ်တဝင့် ရှင်းပြခဲ့ပြီး၊ မြန်မာဘာသာ အစီအစဉ်ဖိလစ်ပိုင်မှစစ္စတာရ်လူစီယားသန္တာအောင်က အနည်းငယ်ဖြည့်စွက်ကာဝေ့ ရှင်းလင်းပေးခဲ့ပါသည်။ ထို့နောက် RVA သောတရှင်စစ်တမ်းကောက်ယူကာ၊ မေးခွန်းများဖြေဆိုခဲ့ကြပါသည်။

ဧပြီလ(၁)ရက်နေ့သည် အာဗွီအေကရင် ဘာသာအစီအစဉ် စတင်ထုတ်ဝေခဲ့သည့် (၃၄) နှစ် မြောက်နှစ်ပတ်လည်နေ့ဖြစ်၍သည့် အားလျော်စွာ၊ နှစ် ပတ်လည်နေ့နှင့် သောတရှင်တွေ့ဆုံပွဲကို အတူတကွ ပေါင်းစည်းကျင်းပခဲ့ခြင်းလည်းဖြစ်ပါသည်။ မတ်လ(၃၀) ရက်နေ့မှ ဧပြီလ(၁) ရက်နေ့အထိ(၂)ရက် တာကျင်းပ ပြုလုပ်ခဲ့သော RVA ကရင် ဘာသာ အစီအစဉ် သောတ ရှင်တွေ့ဆုံပွဲသို့ ရန်ကုန်ဂိုဏ်းချုပ်သာသနာ လက် ထောက် ဆရာတော်ကြီး ဂျွန်စောယောဟန်၊ ဘားအံ ဂိုဏ်းအုပ်ဆရာတော်ကြီး ဂျက်စတင်းစောမင်းသိုက် (နီလာရိုင်း)၊ ဖိလစ်ပိုင်မှအာဗွီအေ အစီအစဉ်ဌာနမှူး ဘုန်းတော်ကြီး Fr.Gabriel ထွန်းမြင့်၊ မြန်မာနိုင်ငံ လူထုဆက်သွယ်ရေး ဒါရိုက်တာ Fr. Leo Mang, SDB ၊ RVA ကရင်ဘာသာ အစီအစဉ်တာဝန်ခံ Fr. Saw Hubert နှင့် Fr. Henry အိုင်ခလိန်၊ အာဗွီအေ ကရင် ဘာသာအစီအစဉ်မှပိုင်းတော်သူ/သားများ၊ ရဟန်းတော် အပါး(၂၀)ခန့်၊ ကိုရင်၊ သီလရှင်အပါးနှစ်ဆယ်ကျော် နှင့်၊ဘာသာဝင်သောတရှင်(၂၀၀)နီးပါးပါခဲ့ကြပါသည်။

ဧပြီလ(၁) ရက်နေ့ နံနက် (၆း၀၀) နာရီတွင် ကျင်းပသောမစ္ဆားတရားတော်မြတ်ကြီးကို ဆရာတော် ဂျက်စတင်းက ဦးဆောင် ဟောကြားပေးခဲ့ပြီး မွန်ဆီ ညော်ပေါ်လီနူး (ရဟန်း ဝါတော် ၅၀၊ သက်တော်၈၄)၊ Fr. George ဖိုးနေဆန်း (ရဟန်းဝါတော် ၅၀၊ သက် တော်၈၀)တို့၏ ဂျူဘီလီကိတ်နှင့် ဂုဏ်ပြုနှုတ်ဆက် ခြင်း အစီအစဉ်ကို ပြုလုပ်ခြင်းဖြင့် မစ္ဆားတရားတော် မြတ်ကို အဆုံးသတ်ခဲ့ပြီး နံနက်စာအတူတကွ သုံး ဆောင် ခဲ့ကြပါသည်။ နံနက် (၈) နာရီ မိနစ်(၃၀)တွင် တွေ့ဆုံပွဲ အစီအစဉ်များကို စတင်ခဲ့ရာ ပထမဦးစွာဖြင့်၊ ကရင်အလံတော် သီချင်းကိုသီဆိုကြကာ ဆရာတော် ဂျွန်စောယောဟန်ကကြိုဆိုနှုတ်ခွန်းဆက်စကားမြွက် ကြားခဲ့ပြီး RVA ကိုရေဒီယိုဖြင့်ဖြစ်စေ၊ Smart phone ဖြင့်ဖြစ်စေ၊ နားထောင်ခြင်းမှ ရရှိသည့် အတွေ့အကြုံ များကို၊ ပိုးကရင်သောတရှင်(၂)ဦး၊ စကောကရင်သော တရှင် (၂)ဦးတို့က ဝေမျှခြင်းအစီအစဉ်ပိုးကရင် သီချင်း ဖြင့် အဖွဲ့လိုက်သီဆိုဖျော်ဖြေနှုတ်ဆက်ခြင်း၊ ၂၀၁၅ ခုနှစ်တွင်ဖိလစ်ပိုင်နိုင်ငံကေဖုံမြို့၌ကျင်းပပြုလုပ်ခဲ့သော အထွေထွေညီလာခံ အကြောင်းကို RVA ၏ Program Director Rev. Fr. Gabriel Htun Myint က တင်ပြ ပေးခြင်း ပုသိမ်သာသနာမှ၊ သာသနာစီရင်စု (PARISH) အချို့မှပေးပို့လာသော အလှူငွေများအတွက်၊ အသိအ မှတ်ပြုကာ ကျေးဇူးတင်လွှာ ပြန်လည်ပေးအပ်ခြင်း၊ RVA မြန်မာဘာသာ အစီအစဉ် ဖိလစ်ပိုင်ရုံး၊ စစ္စတာရ် လူစီယားသန္တာအောင်SJAမှ ပိုးကရင်ဓမ္မတေးတစ်ပုဒ် ဖြင့် ဖျော်ဖြေကာသောတရှင်များကို ဂုဏ်ပြုနှုတ်ဆက် ခြင်း၊ အာဗွီအေကရင်ဘာသာအစီအစဉ် တာဝန်ခံ FR. SAW HUBERTက အနာဂတ်အစီအစဉ်များနှင့် အချုပ် ပြန်လည်သုံးသပ်တင်ပြခြင်း၊ ကရင်ဘာသာ အစီအစဉ် မှ ပိုးကရင်တာဝန်ခံ စစ္စတာရ်ဒါနီအဲလာ၊ ကျေးဇူးတင် စကားပြောကြားခြင်း ပိုးကရင်သီချင်း တစ်ပုဒ်ဖြင့် အပိတ်သီချင်း သီဆိုချီးမွမ်းခဲ့ကြပြီး ဆရာတော်ကြီး ဂျွန်စောယောဟန်နှင့် ဘားအံဂိုဏ်းအုပ်ဆရာတော်ကြီး ဂျက်စတင်းတို့၏ ကောင်းကြီးမင်္ဂလာခံယူခြင်း၊ မှတ် တမ်းတင်ဓါတ်ပုံရိုက်ကူးခြင်းနှင့်နေ့လည်စာသုံးဆောင် ခြင်းတို့ဖြင့် ၂၀၁၆ခုနှစ် RVA ကရင်ဘာသာ အစီ အစဉ် ၏ သောတရှင် တွေ့ဆုံပွဲနှင့် နှစ်ပတ်လည် အစီအစဉ် ကို အောင်မြင်စွာပြီး ဆုံးခဲ့ပါသည်။ (မန်းသန္တာ)

CBCM: Bible Commision

## သမ္မာကျမ်းစာသင်တန်းများဖွင့်လှစ်ခြင်း

အခြေခံသမ္မာကျမ်းစာတော်မြတ်သင်တန်းအတွက် ပင်တိုင်ဦးဆောင်သူများသင်တန်း Core-Team Formation Workshop for Basic Bible Seminar (CTFW for BBS)ကို မတ်(၁၃-၁၆)ထိ လှိုင်ကော်သာသနာ နောင်ယား(က)ရှိ ဓမ္မာရုံတွင်ပြုလုပ်ခဲ့ကြောင်း၊ သင်တန်းသို့လူဦးရေ စုစုပေါင်း(၃၀)ဦး တက်ရောက်ခဲ့ကြောင်း သိရပါသည်။ သင်တန်းပို့ချရခြင်း၏ရည်ရွယ်ချက်မှာ သမ္မာကျမ်းစာပို့ချရာတွင် လိုက်နာရမည့် စည်းကမ်းဥပဒေများသိရှိနိုင်ရန်၊ လက်တွေ့လုပ်ဆောင်နေသောသူများနှင့် လက်တွဲလုပ်ဆောင်တတ်စေရန်၊ စီမံခန့်ခွဲတတ်စေရန်၊ သင်တန်းပို့ချရာတွင်အရေးကြီးသောအချက်များကို သိရှိစေရန်တို့ဖြစ်ပါသည်။ သင်တန်းတက်ရောက်သူများမှာစိတ်ဝင်စားမှုအပြည့်ရှိသည်ကိုလည်း သိရှိရပါသည်။ သို့သော် ဘာသာစကား အခက်အခဲအနည်းငယ်ရှိပြီးသင်တန်းတက်ရောက်သူများတွင် ဦးဆောင်မှုပြုနိုင်သည့်အရည်အချင်းများတွေ့ရကြောင်းကိုသင်တန်းပို့ချပေးခဲ့သူ ဖာသာရ်ဘောစကိုထံမှ သိရှိရပါသည်။ သမ္မာကျမ်းစာတော်မြတ်ဦးဆောင်သူများသင်တန်း Bible Facilitors' Seminar (BFS)ကိုလည်း မတ် (၉-၁၂) ၂၀၁၆ထိပြုလုပ်ခဲ့ရာ သင်တန်းတက်ရောက်သူ (၃၈) ဦးရှိကြောင်းကိုလည်းသိရှိရပါသည်။ဎင်းသင်တန်းများအပြင် မတ်(၃-၇)၂၀၁၆ ထိ လှိုင်ကော်သာသနာ ဒေါင်ခါးနယ်၌ ဆပ်ဖြေခြင်းသီလရှင်များအတွက် Media သုံး၍ သမ္မာကျမ်းစာဆိုင်ရာ ဘုရားစကားသင်ကြားခြင်းဆရာဖြစ်သင်တန်း Media Biblical Catechesis Teachers' Training Workshop (MBCTTW)ကိုလည်းကောင်း၊ ဖေဖော်ဝါရီ(၂၆)မှမတ်(၂)ရက်၊ ၂၀၁၆ အထိ သမ္မာကျမ်းစာတော်မြတ်ဦးဆောင်သူများသင်တန်း 'Bible Facilitators'Seminar (BFS) ကိုလည်းကောင်းပို့ချပေးခဲ့ကြောင်း သိရှိရပါသည်။ ရည်ရွယ်ချက်မှာဆပ်ဖြေခြင်းဂိုဏ်းဝင် သီလရှင်များအားလုံးသည် သမ္မာကျမ်းစာတော်မြတ်ကို ပို့ချပေးနိုင်ရန်၊ သီလရှင်များအားလုံး သမ္မာကျမ်းစာတော်မြတ်ကိုသိရှိစေရန်၊သမ္မာကျမ်းစာကိုအသုံးပြုပြီးဘုရားစကားသင်ကြားတတ်စေရန်၊ ရာထူးကြီး သောသီလရှင်များကိုသင်တန်းတွင်တက်ရောက်စေခြင်းဖြင့်သီလရှင်ငယ်များ ဧဝံဂေလိသတင်းကောင်း ဖြန့်ဝေခြင်းလုပ်ငန်းများ လုပ်ဆောင်ရာတွင် လက်တွဲလုပ်ဆောင် နိုင်ရန်နှင့် သမ္မာကျမ်းစာလုပ်ငန်းကိုဆောင်ရွက်နေကြသောသီလရှင်ငယ်များအပေါ်တွင်နားလည်မှု ပိုမိုထားရှိနိုင်ရန်အတွက် သီလရှင်အားလုံး တက်ရောက်နိုင်ရန် အသင်းဂိုဏ်းမှ စီစဉ်ပေးခြင်းဖြစ်သည်ဟုလည်း သိရှိရပါသည်။ ဎင်းသင်တန်းများတွင် စစ္စတာရ်စုစုပေါင်း(၅၈)ပါး တက်ရောက်ခဲ့ကြောင်းသိရှိရပါသည်။

CBCM: KMSS

## လက်နက်ကိုင်နှင့်ပတ်သက်သော ကလေးငယ်များကို ရပ်ရွာနှင့်ပြန်လည် ဝင်ဆံ့မှု ပေါင်းစည်းရေး

လက်နက်ကိုင်နှင့်ပတ်သက်သော ကလေးငယ်များကိုရပ်ရွာနှင့်ပြန်လည်ဝင်ဆံ့မှု ပေါင်းစည်းရေးလုပ်ငန်း အစည်းအဝေး ကို Myanmar Information Centre ရန်ကုန်၌ မတ်(၂၈-၃၀) ၂၀၁၆ ထိပြုလုပ်ခဲ့သည်။ စစ်တပ်သို့ဝင်ရောက်ခဲ့သည့် အသက်မပြည့်သေးသော ကလေးငယ်များအား ပြန်လည်နုတ်ထွက်ခွင့်ပေးသည့်အတွက်ထိုကလေးငယ်များလိုအပ် သောကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ စိတ်ပိုင်းဆိုင်ရာအတွက်ထောက်ပံ့မှုပေးနိုင်ရန်အတွက် အစည်းအဝေးတွင် ခြောက်လစာအစီအစဉ် ရေးဆွဲထားသော စီမံကိန်းများကို အပြန်အလှန် ဆွေးနွေးခြင်း၊ လုပ်ငန်းနှင့် ပတ်သက်သည့်အစီအစဉ် များပြန်လည် ရေးဆွဲခြင်း၊ ဘားဂျက် များရေးဆွဲ ခြင်းတို့ပြု လုပ်ခဲ့သည်။

အစည်းအဝေးကို Unicef မှဦးဆောင်၍ Save the Children အဖွဲ့၊ KMSS(ရန်ကုန်)၊ KMSS(ပုသိမ်)၊ KMSS(တောင်ငူ)၊ ရတနာ့မေတ္တာအဖွဲ့နှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းတို့မှ သက်ဆိုင်သည့်သူများ တက်ရောက်ခဲ့ကြောင်းသိရှိရပါသည်။

အစည်းအဝေးတက်ရောက်ခဲ့သူ Ma Shair Shair Phaw (PO) နှင့် Ma Pauline (DBO) KMSS ရန်ကုန်တို့မှ ဎင်းလုပ်ငန်း လုပ်ဆောင်ရာတွင် အောင်မြင်မှုများရှိသကဲ့သို့ အခက်အခဲများလည်းရှိကြောင်း၊ ဎင်းအခက်အခဲများကိုလည်း များစွာသောနည်းလမ်းများနှင့် အောင်မြင်အောင်ကျော်ဖြတ်ခဲ့ကြရကြောင်း၊ လုပ်ငန်းလုပ်ဆောင်ရာတွင်တိုးတက်မှုနှင့်ဆုတ်ယုတ်မှုများလည်းရှိကြောင်းပြောပြခဲ့ပါ သည်။

ဤအကြောင်းကို Ma Shair Shair Phaw မှ ရပ်ကွက်မှာရှိတဲ့ အုပ်ချုပ်ရေးမှူးများနှင့် ညှိနှိုင်းလုပ်ဆောင်တယ်၊မိဘများဘက်ကလည်း နားလည်မှုရှိတဲ့အတွက်လုပ်ငန်းလုပ်ဆောင်ရာမှာအောင်မြင်မှုရှိတယ် ဟုပြောပြခဲ့ပါသည်။ဆုတ်ယုတ်မှုနှင့် ပတ်သက်သည်ကိုလည်း Ma Pauline မှ " လုပ်ငန်း လုပ်ဆောင်တဲ့အခါမှာကလေးရဲ့ စိတ်သဘောထားကို ဦးစားပေးမိတယ်၊ ဆိုင်ကယ်ကယ်ရီဆွဲချင်တယ်ဆိုလို့ ဆိုင်ကယ်ဝယ်ပေးတော့ အဖွားတစ်ယောက်ကို ဆိုင်ကယ်နဲ့ဝင်တိုးမိတယ်၊ ခြေထောက်ကျိုးသွားတယ်၊ တရားလိုဘက်ကညှိလို့မရတော့ ကလေးက ထောင်ကျသွားခဲ့ရတယ်။ဒါကြောင့် ထောက်ပံ့ပေးမှုက မအောင်မြင်ခဲ့ဘူး" ဟု ပြောပြခဲ့ပါသည်။

လားရှိုး သာသနာ

## လားရှိုးတိုက်နယ် နွေရာသီလူငယ်သင်တန်း

နွေရာသီလူငယ်သင်တန်းကို မတ်လ(၂၃)မှ(၂၈)ရက်နေ့အထိ လားရှိုးမြို့၊ ရပ်ကွက် (၁၂) စိန်လုဒ်ဓမ္မသင်တန်းကျောင်းတွင် ပြုလုပ်ခဲ့ပါသည်။ ဎင်းသင်တန်း သို့လူငယ် (၁၃၀) ဦးတက်ရောက်ပါသည်။ ကျောင်းထိုင်ဘုန်းတော်ကြီး၏ ခွင့်ပြုချက်ဖြင့် လူငယ်ခေါင်းဆောင်များတက်ကြွစွာကြိုးစားလုပ်ဆောင်ခြင်းကြောင့် (၆)ရက်လူငယ်သင်တန်းကို အကောင်းမွန်ဆုံးပြုလုပ်နိုင်ခဲ့ပါသည်။ သင်တန်းပြုလုပ်နိုင်ရန်အတွက် တိုက်နယ်လူငယ်ခေါင်းဆောင်များက၂၀၁၅ ဒီဇင်ဘာ(၅)ရက်နေ့တွင် ပြုလုပ်သော တစ်ရက်တာဝတ်စောင့်ခြင်းနှင့် အစည်းအဝေးတွင် ရက်သတ်မှတ်ဆုံးဖြတ်ခဲ့ကြပါသည်။ သင်တန်းကို တိုက်နယ်ခေါင်းဆောင်များ၏ကြိုတင်ပြင်ဆင်ရှာဖွေ ထားသောရန်ပုံငွေ၊ သင်တန်းသား တစ်ဦးချင်းစီ ထည့်ဝင်သော သင်တန်းကြေး၊ ကျောင်းထိုင်ဘုန်းတော် ကြီး၏ ထောက်ပံ့ကူညီငွေနှင့် စေတနာရှင်များ၏ သီးသန့် အလှူငွေများဖြင့်ပြုလုပ်ခဲ့ပါသည်။ သင်တန်းတွင် ဖာသာရ်မိုင်ကယ်မှ ခေါင်းဆောင်မှုနှင့်ပတ်သက်သော ပို့ချချက်၊ ဖာသာရ်ဂျိုးဇက်သိန်းအောင်မှ လက်ထပ်ခြင်းမင်္ဂလာအကြောင်း၊ ဖာသာရ်ဂျော့လရိန်မှ စက္ကရမင်တူးမင်္ဂလာ(၇)ပါးအကြောင်းနှင့် ရဲမှူးကြီးနှစ်ဦးမှ မူးယစ်ဆေးဝါးနှင့် လူကုန်ကူးမှုတားဆီးရေးအကြောင်းများကို အသီးသီးပို့ချပေးခဲ့ကြောင်း လူငယ်တာဝန်ခံဘုန်းတော်ကြီး ဖာသာရ်ဂျိမ်းစ်ထံမှ သိရှိရပါသည်။(LSO-osc)




ကျိုင်းတုံသာသနာ

## မိုင်းဖြတ်အုပ်စုငယ်သို့ ကက်သလစ်သာသနာတော်ရောက်ရှိခြင်း (၈၅) နှစ်ပြည့် ပွဲတော်

ကျိုင်းတုံသာသနာ၊ မိုင်းဖြတ်ကက်သလစ်သာသနာအုပ်စုငယ်သို့ ကက်သလစ်သာသနာတော်ရောက်ရှိခြင်း ၈၅နှစ်ပြည့် ပွဲတော်ကိုဧပြီလ(၅)ရက်မှ (၇)ရက်နေ့ အထိ စည်ကားသိုက်မြိုက်စွာကျင်းပခဲ့သည်။ အဆိုပါပွဲတော်ကိုလူငယ်သင်တန်းကျင်းပပြီးအစပြုခဲ့ပါသည်။ လူငယ်ပေါင်း ၁၂၀ဦး တက်ရောက်ပြီးပွဲတော်တွင် လုပ်အားဖြင့် ဆက်ကပ်ခဲ့ကြသည်။ ဤပွဲတော်ကြီးကိုမိုင်းဖြတ်ကျောင်းထိုင်ဖာသာရ်ပီတာ Matthew Mow Joe တို့မှ ဦးဆောင်ကာသီလရှင်များနှင့်ဘာသာတူများမှ ကျင်းပခဲ့သည်။ ပွဲတော်ကိုဆရာတော် ပီတာလွှီစ်းဦးဆောင်ပြီးရဟန်းတော်များသီလရှင်များဘာသာတူများပါဝင်ခဲ့ကြသည်။

## ပုသိမ်သာသနာ

## နှစ် (၅၀) ရဟန်းသိက္ခာခံယူခြင်း ရွှေဂျူဘီလီပွဲတော် နှင့် မယ်တော်ဂူအပ်ပွဲ

ပုသိမ်ကက်သလစ်သာသနာတော်မှ ဂုဏ်ယူရသော သက်ကြီး၊ ဝါကြီး ကက်သလစ်ဘုန်းတော်ကြီး နှစ်ပါးဖြစ်ကြသည့် ဘုန်းတော်ကြီး ဂျော့ဖူးနေစန်းနှင့် ဘုန်းတော်ကြီး မွန်ဆီညော်ပေါ်လီနူးမန်းအိုင်ရှောင်းတို့သည် မတ်လ၊(၃၀)ရက်၂၀၁၆တွင် ကက်သလစ်ရဟန်းသိက္ခာခံယူခြင်းနှစ်(၅၀)ပြည့်ပြီးဖြစ်သည်။ သူတို့၏ ရွှေဂျူဘီလီပွဲတော်ကို ပုသိမ်ကာသီဒြယ် ဘုရားကျောင်းတွင် ရဟန်းတော်(၁၈)ပါးနှင့် ဘာသာဝင်များတက်ရောက်ဆုတောင်းပေးကြပြီး ရွှေဂျူဘီလီရှင်ဘုန်းတော်ကြီး ဂျော့ဖူးနေစန်းမှ မစ္ဆားတရားဦးဆောင်ပေးခဲ့ပါသည်။ မစ္ဆားတရားအပြီးတွင် ဂျူဘီလီကိတ်ကို ပုသိမ်နယ်အုပ် ဘုန်းတော်ကြီး ဂွန်စပတ်မှ ကောင်းကြီးပေးလျှက် ဘာသာဝင်များက ဂျူဘီလီရှင်အား လက်ဆောင်ပစ္စည်း ပေးအပ်ကြပါသည်။ ဘုန်းတော်ကြီး မွန်ဆီညော်ပေါ်လီနူးမန်းအိုင်ရှောင်းသည် ဤပွဲတွင် ကျန်းမာရေးကြောင့် မလာနိုင်သော်လည်း ဧပြီ(၁)ရက်တွင် ကနစိုးကုန်းသာသနာ၌ ထပ်မံပြုလုပ်သည့် သူတို့၏ ရွှေဂျူဘီလီပွဲကို ကြွရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။



ပုသိမ်ဂိုဏ်းအုပ်ဆရာတော်ပိုင် ဆင်လူးသာသနာအတွင်းရှိ ဖွတ်ကလေးစောင်းရွာ၌ 20.3.2016 မေတ္တာပန်းဖေပွဲတနင်္ဂနွေနေ့တွင် လှပသပ်ရပ်သောမာရီးယားဘုရား၏မယ်တော်အမည်နာမနှင့်မယ်တော်ဂူတစ်ခု ရရှိခဲ့ပါသည်။ ၎င်းရွာတွင် ဘာသာဝင်ဦးရေ နည်းသော်လည်း ဆုတောင်းခြင်းမပျက်ခဲ့သောကြောင့် နှစ်ပေါင်းများစွာ လိုအပ်လျှက်ရှိနေသော မယ်တော်ဂူကို ရရှိခဲ့ခြင်းဖြစ်ပါသည်။ ထိုမယ်တော်ဂူဖွင့်ပွဲကို ရဟန်းတော် (၈)ပါး၊ ဘရာသာရ် (၅)ပါး၊ စစ္စတာရ် (၄)ပါး၊ ဘာသာဝင်ဦးရေ(၂၅၀)နှင့် စေတနာရှင် မိသားစုများ ပါဝင်ဆုတောင်းပေးခဲ့ကြပါသည်။ (Fr. William Soe PTN)

## ကျိုင်းတုံသာသနာ

## ရောင်စုံပန်းရနံ့မွှေးပျံ့သင်းကြိုင်မည့်ဧဝံဂေလိသတင်းကောင်းကိုသယ်ဆောင်မည့်လူငယ်များ

သာသနာလုံးဆိုင်ရာလူငယ်သင်တန်းကို မတ်လ (၂၈ - ၃၁) ရက်နေ့တိုင် ကျင်းပခဲ့ပါသည်။ လူငယ်သင်တန်းဟုဆိုသော်လည်း အခြေခံသမ္မာကျမ်းစာတော်မြတ် သင်တန်းအမှတ်စဉ် (၁၆) ကို သုံးရက်တာပို့ချစေခဲ့ပါသည်။ အဆိုပါသင်တန်းသို့ သာသနာတစ်ခုလုံးမှလူငယ်(၂၀၀)ကျော်တက်ရောက်ခဲ့ပါသည်။ သင်တန်းကာလတွင် သမ္မာကျမ်းစာ၏ အနက်အဓိပ္ပါယ်အကြောင်း၊ သမ္မာကျမ်းစာပလ္လင်တင်ဂါရဝပြုခြင်း၊ နှုတ်တော်ထွက်စကားတော်ကို ထောက်ရှုဆုတောင်းခြင်း၊ သမ္မာကျမ်းစာဝေမျှခြင်း၊ သမ္မာကျမ်းစာနှင့်ရင်းနှီးကျွမ်းဝင်တတ်စေပြီး ထားရှိရမည့်စိတ်နေသဘောထားများနှင့်ပတ်သက်၍ ပို့ချပေးခဲ့ပါသည်။ သင်တန်းအစီအစဉ်များအတိုင်း အဖွဲ့ဖွဲ့၍ ကျမ်းစာသရုပ်ပြတင်ဆက်ခြင်း၊ သမ္မာကျမ်းစာအခြေခံ၍ ခေတ်လူငယ်တို့၏ ရင်တွင်းဖြစ်သရုပ်ပြဇာတ်လမ်းတို များလေ့ကျင့်ခြင်း၊ တစ်နေ့တာတိုင်း၏ အစီအစဉ်ကို ပြန်လည် သုံးသပ်ခြင်း၊ နောက်ဆုံးနေ့၌ သမ္မာကျမ်းစာ၏ အဓိကရည်ရွယ်ချက်ဖြစ်သော မိမိကိုယ်မိမိပြန်လည်စမ်းစစ်ပြီး ဘုရားသခင်နှင့် မိမိ၏ နီးစပ်သူများ အပေါ် ပြန်လည် ကျေအေးခြင်း အစီအစဉ်ကို ခမ်းနားစွာကျင်းပပေးခဲ့ပါသည်။ ဧပြီလ(၁)ရက်နေ့တွင်လည်း စိန်ပီတာရဟန်းဖြစ်သင်ကျောင်း(၁၀)နှစ်ပြည့် ကျေးဇူးတင်ခြင်းအထိမ်းအမှတ်ကို ကျိုင်းတုံဂိုဏ်းအုပ်ဆရာတော်ကြီး ပီတာလွီးစ်မှအမှူးပြု၍ ရဟန်းတော်များနှင့်အတူ ကျေးဇူးတင်မစ္ဆားတရားတော်မြတ် ပူဇော်ခဲ့ပါသည်။ သင်တန်းသူ၊ သင်တန်းသားများက သမ္မာကျမ်းစာတော်မြတ်သည် မိမိဘဝအသက်တာဖြစ်ကြောင်း ဂန်ခံကတိများရွတ်ဆိုကြသည်။ မစ္ဆားတရားအတွင်း သမ္မာကျမ်းစာအုပ်များ၊ သင်တန်းဆင်းလက်မှတ်များ ကောင်းကြီးပေးခြင်းနှင့် အပ်နှင်းခြင်းများ ပြုလုပ်ခဲ့ပါသည်။ ဤသင်တန်းကို၊ သာသနာ၏ လူငယ်တာဝန်ခံ ဖာသာရ်မားရီယိုမှ စီစဉ်၍၊ သာသနာ၏ သမ္မာကျမ်းစာကော်မရှင် တာဝန်ခံ ဖာသာရ် အဲလ်ဖရက်ဂျေမူနှင့်အဖွဲ့များမှဦးစီးပို့ချပေးခဲ့ပါသည်။ သင်တန်း ပို့ချသူများမှာ ဖာသာရ်အဲလ်ဖရက်ဂျေမူ၊ ဖာသာရ်မားရီယိုမြင့်လွင်၊ စစ္စတာရ်လီလီ၊ စစ္စတာရ်ရိုစ့်မေရီ၊ ဆရာမဒေါ်ဂျိုဇက်ဖင်း၊ ဆရာမဒေါ်လုလုတင်တို့ ဖြစ်ကြောင်း သိရှိရပါသည်။

## ရန်ကုန်နှင့် ပြည်ဖုံများရှိ S.F.X Communities ၂ လ တစ်ကြိမ်ဝတ်စောင့်ခြင်း (Sr. Anna Aung)

ဧပြီလ ၆-၇ ရက်တို့တွင် စိန့်ဖရန်စစ်ဇေးဗီးယဲ အသင်းဂိုဏ်း၏ S.F.X Communities ရှိရာ ရန်ကုန်နှင့် ပြည်ဖုံများရှိ Communities ၂၆ခု မှသီလရှင် ၄၂ ဦးတို့သည်၊ St. Jude Parish Church တွင် ၂လတစ်ကြိမ် တွေ့ဆုံ ဝတ်စောင့်ခြင်းပြုလုပ်ရာ ကျောင်းထိုင်ဘုန်းတော်ကြီး Rev. Fr. Nereus Mg Mg မှ ဩဝါဒ တရားပေးပါသည်။ St. Jude သာသနာမှ ဘာသာတူများ အင်တိုက်အားတိုက်ပါဝင်ကူညီကြပြီး၊ St. Jude အမျိုးသမီးအသင်းမှအကျွေးအမွေးအားတာဝန်ယူဆောင်ရွက်ခဲ့ကြပါသည်။

St. Jude သာသနာတွင် သီလရှင်များအနေဖြင့် ကောင်းမွန်စွာဝတ်စောင့်ခြင်း ပြုလုပ်နိုင်ခဲ့ကြသဖြင့် ဘုရားရှင်အားကျေးဇူးတင်ကြပါသည်။ ကျောင်းထိုင်ဘုန်းတော်ကြီးနှင့်တကွဘာသာတူများနှင့်လည်းရင်းနှီးပွင့်လင်းစွာဆက်ဆံမှုတိုးတက်စေပြီး၊ အသင်းဂိုဏ်း၏တမန်တော်လုပ်ငန်းများအတွက်လည်းပိုမိုထိရောက်စေသည်။

## တောင်ကြီးသာသနာ

## သမ္မာကျမ်းစာပို့ခြင်းနှင့် ကျားမ ရေးရာ Gender အခြေခံဝေမျှခြင်းသင်တန်း

တောင်ကြီးသာသနာ ရပ်စောက်တိုက်နယ်တွင် သမ္မာကျမ်းစာပို့ခြင်းနှင့် ကျား၊မ ရေးရာ Gender အခြေခံဝေမျှခြင်း ကို (၂၃.၃.၂၀၁၆ မှ ၂၅.၃.၂၀၁၆) ရက်နေ့ထိ ပြုလုပ်ခဲ့ပါသည်။ အခမ်းအနားသို့ ဘုန်းတော်ကြီး Fr.Ignatio က အဖွင့်ဆုတောင်းဖြင့် ဖွင့်လှစ်ပေးခဲ့ပါသည်။ သင်တန်းကာလမှာ (၃)ရက်ဖြစ်ပြီး လူဦးရေမှာ ကျားမပေါင်း ၄၂ ဦးတက်ရောက်ခဲ့သည်။ နံနက်ပိုင်းတွင် သမ္မာကျမ်းစာ ပို့ချပြီး နေ့လည်(၁၂)နာရီတွင် နေ့လည်စာ အတူတကွ သုံးဆောင်ကြပါသည်။ နေ့လည်(၁)နာရီတွင် ပြန်လည်စတင်ကာ ကျားမရေးရာအခြေခံ (Gender) ပို့ချပေးပါသည်။ သမ္မာကျမ်းစာကို U Joseph Sai Sheng က ပို့ချပေးပါသည်။ ပို့ချသည့် အကြောင်းအရာမှာ(၁) သမ္မာကျမ်းစာအကြောင်း အခြေခံသိသင့်သော အချက်များ (၂) သမ္မာကျမ်းစာ ဆိုတာဘာလဲ၊ (၃)သမ္မာကျမ်းစာကို အဘယ်ကြောင့် ဖတ်ရှုသင့်သနည်း (၄) သမ္မာကျမ်းစာ ဖတ်ရှုသည့်အခါ ထားရှိရမည့် ခံယူချက်၊ (၅) ယုံကြည်ခြင်းဆိုသည်မှာ၊ (၆) ခရစ်ယာန်၏ ဆုတောင်းခြင်း၊ (၇) သန့်ရှင်းသော ဝိညာဉ်တော်နှင့် ယုံကြည်သူများ(၈) ကောင်းကျိုးပြုခြင်း၊ (၉) ဆယ်ဖို့တစ်ဖို့၊ (၁၀) ဆားခရစ်ယာန်၊ (၁၁) တမန်တော်ပေါလု ဘဝအသက်တာ (Apostle



Paul)တို့ဖြစ်ကြသည်။ ကျားမရေးရာကို ဒေါ်ဇက်စည်စည်နှင့် Sr.Dominic Myat Than တို့ကိုပို့ချ ပေးခဲ့ပါသည်။အားလပ်ချိန်တွင် သီချင်းများသင်ကြားပေးပါသည်။ တက်ရောက်လာသော သင်တန်းသူသင်တန်းသားများက ဤသင်တန်းမှ အကျိုးကျေးဇူးများစွာ ရရှိကြောင်း၊ သင်တန်းကို အခါအားလျော်စွာ လာရောက်ပေး စေလိုကြောင်း၊ ဖြစ်နိုင်လျှင် နှစ်လတစ်ကြိမ် လာရောက်ပေးစေလိုကြောင်း တောင်းဆိုကြသည် ဟုသတင်းရရှိပါသည်။ ( U Joseph Sai Sheng)

ဖယ်ခုံသာသနာ

## စင်္ကာပူရောက် မြန်မာကက်သလစ် အဖွဲ့အစည်း၏ ဝတ်စောင့်ခြင်းနှင့်ပါစကားပွဲတော်ကျင်းပခြင်း



စင်္ကာပူရောက် မြန်မာကက်သလစ် အဖွဲ့အစည်း၏ ဝတ်စောင့်ခြင်းနှင့် ပါစကားပွဲတော်မြတ်ကိုကြာသပတေးနေ့နောက်ဆုံးညစာစားပွဲ၌စင်္ကာပူနိုင်ငံရှိ The Good Shepherd's Home တွင်မစ္ဆားတရားတော်ဖြင့်ဖွင့်လှစ်ခဲ့ပါသည်။ သောကြာနေ့ကြီး နံနက်(၁၁)နာရီအချိန်တွင် ခရူးစူးကားလမ်း လှည့်ခြင်းနှင့် ဘာသာတူများ အားခွန်အားရစေမည့် သွန်သင်ချက်များ ဝေမျှခဲ့ကြသည်။ ထိုညနေ (၄)နာရီတွင် သောကြာနေ့ကြီး၏ ဝတ်ပြုခြင်းကို တိတ်ဆိတ်ငြိမ်သက်စွာဖြင့် နေ့တစ်နေ့ကို အဆုံးသတ်ခဲ့ပါသည်။ စနေနေ့ကြီး နံနက် (၁၁) နာရီတွင် သွန်သင်ချက်များဖြင့် ဆက်လက် ဝေမျှခဲ့ကြသည်။ ည (၈)နာရီတွင် မစ္ဆားတရားတော်မြတ်ကို ရဟန်းနှစ်ပါးဦးဆောင်၍ ဘာသာတူများမှ ၎င်းမစ္ဆားကို အားတတ်သရောပါဝင်ခဲ့ကြပါသည်။ ဝတ်ပြုခြင်းအပြီးတွင် MCCS အမှုဆောင်အဖွဲ့မှပြင်ဆင်ထားသော ကြာဆန်နှင့်ကယန်းဆန်ပြုတ်တို့ကို ဝေမျှစားသုံးခြင်းဖြင့် နေ့တစ်နေ့ကို အဆုံးသတ်ခဲ့ပါသည်။ တနင်္ဂနွေနေ့ နေ့လည် (၁၂း၃၀) အချိန်တွင် Immaculate Heart Church ၌သွန်သင်ခြင်းများကို ထပ်မံဝေမျှခဲ့ပါသည်။ ထို့နောက် ပါစကား မစ္ဆားတရားတော်ကြီးကို ညနေ (၄) နာရီ အချိန်တွင်ဘုရား ကျောင်းတော်ကြီးထဲ၌ စည်ကားသိုက်မြိုက်စွာကျင်းပ ခဲ့ပါသည်။

မစ္ဆားတရားတော်တွင် အနယ်နယ် အရပ်ရပ်မှ မြန်မာဘာသာတူများ ခြောက်ရာကျော် တက်ရောက်ဝတ်ပြုဆုတောင်းခဲ့ပါသည်။ ထိုဝတ်စောင့်ပွဲနှင့်ပါစကားဝတ်ပြုခြင်းကို MCCS ဝိညာဉ်လမ်းညွှန် ဘုန်းတော် ကြီး Fr.Peter Paulနှင့် ဖယ်ခုံသာသနာမှ Fr.Thomaso Chit Thar, ရန်ကုန် သာသနာမှ Fr.George Mg Mg နှင့် St.Gabriel Brother အသင်းဂိုဏ်းမှ Bro.Dominic မှ ဝိညာဉ် ခွန်အားလာရောက်ဝေမျှသွားခဲ့ကြ ကြောင်း သတင်း ရရှိပါသည်။ Pekhon (OSC)

မန္တလေးသာသနာ

## စိန်ဂျိုးဇက် ပွဲတော်ကျင်းပခြင်းသတင်း

မတ်(၁၉)ရက်နေ့ စိန်ဂျိုးဇက်ပွဲတော်ကို မန္တလေးမြို့ လမ်း(၈၁-၃၅၊၃၅) ကြားရှိ စိန်ဂျိုးဇက် (လဖုန်း) ဘုရားကျောင်းတွင် မတ်လ(၁၀-၁၈) ရက်ထိ နိုဗီနား (၉)ရက်ပြုလုပ်၍ (၁၉) ရက်နေ့တွင် စိန်ဂျိုးဇက်ပွဲတော်ကို ကျင်းပပြုလုပ်ခဲ့ ကြပါသည်။ မတ်(၁၉)ရက်နေ့ (၇)နာရီ မစ္ဆားတရားတွင် ဆရာတော်ကြီး ပေါလ်ဂရောင် (ငြိမ်း)၊နှင့် ရပ်နီးရပ်ဝေးမှ ဘုန်းတော်ကြီးများ၊သီလရှင်များနှင့် ဘာသာတူများပါဝင်တက်ရောက်ခဲ့ကြပါသည်။ မစ္ဆားတရားတွင်ဆရာတော်ကြီး ပေါလ်ဂရောင် (ငြိမ်း) မှ ဩဝါဒတရားရေအေး တိုက်ကျွေးရာတွင် "စိန်ဂျိုးဇက်ဟာ ဘုရားရဲ့စကားကိုနားထောင်ပြီးမယ်တော်ကိုလက်ခံခဲ့တယ်။ သူဟာကတိတည်တယ်။ မိသားစုအပေါ်မှာဂရုစိုက်တယ်။အဲ့လိုပဲမိသားစုတွေဟာလည်း အချင်းချင်းကတိတည်ရမယ်။ချစ်ခင်ရမယ်။မိဘတွေ ဟာလည်း သားသမီးတွေရဲ့ စကား ကိုနားထောင် ပေးရ မယ်။ သားသမီးတွေအပေါ် ဂရုစိုက်ရမယ်။ချစ်ရမယ်။ သားသမီးတွေဟာလည်း မိဘတွေဖြစ်စေချင်တာ၊ မိဘတွေရဲ့စကားကို နားထောင်ပေးရမယ်။ အဆုံးထိတိုင် မိသားစုအချင်းချင်းတစ်ဦးနှင့် တစ်ဦး ဂရုစိုက်ရမယ်။ ဘုရားသခင်ပေးထားတဲ့ အချိန်ကို ဘုရားသခင်ကို ပြန်ပြီး အာရုံစိုက်ပေးရမယ်။ဒါကြောင့် ဒီကနေ့ဩဝါဒကို ကြားနာခဲ့ရတဲ့ ညီအစ်ကို မောင်နှမ များအားလုံးအပေါ်မှာ ဘုရားသခင် ကောင်းချီးပေးပါစေဟု မြွက်ကြား ခဲ့ပါသည်။ စိန်ဂျိုးဇက် (လဖုန်း) Parish၏ စုစုပေါင်း ဘဏ်၌ အပ်ထားသောစုငွေမှာ သိန်းရှစ်ရာကျော်ရှိပြီဖြစ်ကြောင်း သိရှိရသည်။ ဤမျှ များပြားသော စုငွေကို ကျောင်းထိုင်ဘုန်းတော် စိုးတင့်တာဂန် ကျသော အချိန်ကာလ ငါးနှစ်အတွင်းတွင်ရရှိထားခြင်းဖြစ်ကြောင်းသိရသည်။ကျောင်းထိုင်ဘုန်းတော်ကြီးနှင့်ဘာသာတူများ၏လက်တွဲဆောင်ရွက်မှု၊ ငွေရေးကြေးရေးပွင့်လင်းမြင်သာခြင်းရှိမှုတို့ကြောင့် ဤကဲ့သို့အောင်မြင်ခြင်း ဖြစ်ပြီး သာသနာစီရင်စုတိုင်း လိုက်နာဆောင်ရွက်သင့်သော အချက်ဖြစ်ကြောင်း စိန်ဂျိုးဇက်ကို ကိုးစားခြင်းကြောင့် မိသားစုအဆင်ပြေငြိမ်းချမ်းမှုရှိသည်ဟုစိန်ဂျိုးဇက် ပွဲနေ့တိုင်းအမှတ်တရအကျီဝေသော မဝန်နီအန်း မှလည်း " အမကတော့ ဆယ်ဖို့တစ်ဖို့ အမြဲစုတယ်။ အဲ့ဒီဆယ်ဖို့ တစ်ဖို့ဆုထားတဲ့အထဲကနေပြီး အခုလိုပွဲနေ့ရောက်တဲ့အချိန်မှာစုဗူးကိုခွဲပြီးလှူတယ်။အစ်မကစပြီးစုကတည်းကစိန်ဂျိုးဇက်ကိုတပည့်တော်မတို့မိသားစုအဆင်ပြေပါစေ၊ လုပ်ငန်းကိုင်ငန်းလည်းအဆင်ပြေပါစေဆိုပြီးအမြဲ ဆုတောင်းတယ်။ အစစအဆင်ပြေတယ်။ မိသားစုလည်း ငြိမ်းချမ်းမှုရှိတယ်။ အမစိန်ဂျိုးဇက်ပွဲနေ့တိုင်း အကျီလှူတာအခု နှစ်နဲ့ဆို(၇)နှစ်ဆက်တိုက်ရှိပြီ စစလှူ တုန်းကအထည်တစ်ရာပဲလှူနိုင်ခဲ့တာ။ အခုနှစ်ဆို အထည်(၅၀၀)ထိ လှူနိုင်ခဲ့တယ်" ဟုပြော ကြားခဲ့ ပါသည်။

MDY-osc

မန္တလေးသာသနာ

## မန္တလေးသာသနာလုံးဆိုင်ရာ သက်ထွေးလူငယ်သင်တန်း ကျင်းပ

နှစ်စဉ်ပြုလုပ်သော မန္တလေးသာသနာလုံးဆိုင်ရာ သက်ထွေးလူငယ်သင်တန်းကိုမန္တလေးသာသနာလုံးဆိုင်ရာ ဂိုဏ်းပေါင်းစုံ သူတော်စင်များအသင်း မှ ဦးဆောင်ကာပုလိပ်မြို့ ချမ်းသာကုန်းမယ်တော် ဘုရားကျောင်းဝင်း အတွင်းတွင် (မတ်လ၂၈-ဧပြီ၁)ရက်နေ့အထိ"သနားကြင်နာခြင်းရှိ ကြလော့"ဟူသောခေါင်းစဉ်ဖြင့်ကျင်းပပြုလုပ်ခဲ့သည်။

သင်တန်းတွင် ဂိုဏ်းပေါင်းစုံမှ သူတော်စင်အပါး (၄၀)ကျော်တို့က သင်တန်းအတွင်း ပို့ချချက်(၆)ချက်ဖြင့် သင်ကြားပေးခဲ့သည်ဟု သိရှိရပါသည်။ ကရုဏာလူမှုရေးလုပ်ငန်းစဉ် ခြောက်ချက်ဖြစ်သော (၁) စားစရာမရှိသူများအား စားစရာပေးရန်။ (၂) ရေငတ်သောသူတို့အား ရေပေးရန်။ (၃) အဝတ်အစားမရှိသူတို့အား အဝတ်အစား လှူဒါန်းပေးရန်။ (၄)အကျဉ်းကျနေ သောသူများအားကူညီထောက်ပံ့ပေးရန်။ (၅)ဖျားနာနေသောသူတို့အားကူညီစောင့်ရှောက်ရန်/ သွားရောက်ကြည့်ရှုရန်။ (၆) ကွယ်လွန်သွားသောသူတို့အတွက်ကောင်းမှု ကုသိုလ်ပြုလုပ် ပေးခြင်း စသည့်ခေါင်းစဉ်များဖြင့် အဖွဲ့ခြောက်ဖွဲ့ခွဲကာ သင်တန်းပို့ချပေးသည်ဟု Fr . Peter မျိုးခင်ထံမှ သိရှိခဲ့ရပါသည်။

သင်တန်းသို့ တက်ရောက်လာသော သက်ထွေး လူငယ်တစ်ဦးမှလည်း " သင်တန်း တက်လာ တာ အခုအခေါက်နှင့်ဆို သုံးနှစ်ရှိပြီ ဖြစ်ကြောင်း၊ ပျော်ကြောင်း၊ ပို့ချချက်များကိုလည်း ရွာမှ မလိုက် နိုင်သော သူငယ်ချင်းများအားပြန်လည်ဝေမျှသွားမှာ ဖြစ်ကြောင်း၊ "ရွာတော်ရွာမှ မရွှန်းလဲ့ခိုင်က ပြောပြ ပေးခဲ့ပါသည်။

သင်တန်း၏ရည်ရွယ်ချက်(၄)ချက်ရှိကြောင်း (၁)ကောင်းသော ခရစ်ယာန်များဖြစ်စေရန်၊ (၂)ကောင်းသော နိုင်ငံသားများဖြစ်စေရန်၊ (၃)သာသနာပြုလူငယ်တမန်တော်ဖြစ်ရန်၊ (၄) သနားကြင်နာတတ်သော ဘုရားသခင်၏သားငယ်၊ သမီးငယ်များဖြစ်ရန် ဖြစ်ကြောင်း၊ ဂိုဏ်းပေါင်းစုံသူတော်စင်များအသင်း မှ Fr.Peter မျိုးခင်မှပြောပြခဲ့သည်။

သင်တန်းအား မန္တလေးသာသနာအတွင်း ရှိ သာသနာအုပ်စု အသီးသီးရှိ အသက် (၇နှစ် မှ ၁၄ နှစ်) အတွင်းရှိ ကလေးငယ်များသာ တက်ရောက် ခွင့်ရှိသည်ဟုသိရှိရပါသည်။ သက်ထွေး လူငယ်ပေါင်း (၄၈၀)ယောက်ပါဝင် တက်ရောက်ခဲ့ကြပါသည်။ သင်တန်းရက်အတွင်း ဦးမြင့်ဝေမိသားစုမှ ကလေးငယ်များအား နံနက်စာ၊ နေ့လည်စာ၊ ညစာအား လှူဒါန်းသည် ဟုလည်း သိရှိရပါသည်။

**ပင်ကီ(မန္တလေး)**





# စိန်ပက်ထရစ် နှစ် (၁၈၇) ပြည့်နှစ် နှင့် ဖာသာရ်စတန်းနစ်(စ်)၏ရဟန်းဂါတော် (၅၀)ရွှေဂျူဘီလီပွဲတော်ကျင်းပ

မော်လမြိုင်သာသနာ

မော်လမြိုင်မြို့၊ စိန်ပက်ထရစ် ဘုရားကျောင်းတွင် ၂၀၁၆ ဧပြီ ၁-၃ ရက်နေ့အထိ သုံးရက်တိုင်တိုင် ဂျူဘီလီပွဲတော်ကျင်းပခဲ့သည်။ ပွဲတော်ကြီး ဖွင့်ပွဲအခမ်းအနားနှင့် အကြိုမစ္ဆားကို၁၊၄၊၂၀၁၆ သောကြာနေ့ ညနေ (၄း၃၀)နာရီတွင် ပြုလုပ်ခဲ့ပါသည်။ ဖွင့်ပွဲအခမ်းအနားတွင် ဖဲကြိုးဖြတ်ခြင်းကို ဂျူဘီလီရှင် ဖာသာရ် နှင့် ဖာသာရ် ဂျိုးဇက်ကြည်ဝင်းတို့က ဖွင့်လှစ်ခဲ့ပါသည်။ ဖွင့်ပွဲမှာ ဘင်ခယာတီးမှုတ်ခြင်း၊ စိန်ဂျိုးဇက် ကျောင်းသူနှင့် စိန်ပက်ထရစ်လူငယ်များ ဂျူဘီလီ အကဖြင့် ကပြဖျော်ဖြေခဲ့ပါသည်။



၂၊၄၊၂၀၁၆နံနက် (၇း၀၀)နာရီတွင် (၁၈၂၉) မှ (၂၀၁၆) ခုနှစ်အထိ စိန်ပက်ထရစ်သာသနာကို တည်ထောင်ခဲ့သော ဆရာတော်ကြီးများနှင့် သာသနာ့အမှုတော်ကို ထမ်းဆောင်ခဲ့ကြသော ဘုန်းတော်ကြီးများ၊သီလရှင်များ၊ဘရာသာရ်များ၊ ယုံကြည်သူ၊ အသက်ရှင်သူ၊ ကွယ်လွန်သူများ၊ သက်ကြီးရွယ်အိုများ အားဂုဏ်ပြု မစ္ဆားပြုလုပ်ခဲ့သည်။ နံနက် (၁၀ မှ ၁၂) နာရီအထိ ဖာသာရ် ဗညားနွယ်၏ ဒေသနာဟောကြားခြင်းနှင့် ချီးမွမ်းခြင်းကိုပြုလုပ်ခဲ့ပါသည်။ ည (၄း၀၀)နာရီအချိန်တွင် စိန်ပက်ထရစ်ဘုရားကျောင်းတော်ကြီး၏ (၁၈၇)နှစ် ကျောင်းပွဲတော် မစ္ဆားပြုလုပ်ခဲ့သည်။ ၃၊၄၊၂၀၁၆ နံနက် (၇း၃၀)နာရီတွင် ဝတ်ပြုခြင်းနှင့် မြို့ထဲစီတန်းလှည့်လည်ခြင်း၊ ကိုယ်တော်မြတ် ကောင်းကြီးမင်္ဂလာခံယူခြင်း၊ ဧည့်ခံကျွေးမွေးခြင်းနှင့် ဂျူဘီလီရှင်အား ဂုဏ်ပြုဖျော်ဖြေခြင်း အခမ်းအနားများကျောင်းထိုင်ဘုန်းတော်ကြီး ဖာသာရ်စတန်းနစ်(စ်)၏ရဟန်းဂါတော်နှစ်(၅၀)ပြည့် ဂျူဘီလီ မစ္ဆားဂုဏ်ပြုခြင်းခြင်းနှင့် ပွဲတော်ကျွေးမွေးခြင်းကို ပြုလုပ်ခဲ့ပါသည်။ ထိုပွဲတော်ကြီးတွင် ဘုန်းတော်ကြီး (၂၃)ပါး၊ စစ္စတာရ် (၄၂)ပါး၊ ရပ်နီးရပ်ဝေးဘာသာတူ တစ်ခြားဘာသာ ညီအစ်ကိုမောင်နှမများ စုစုပေါင်း (၇၀၀)ခန့်ပါဝင် ဆုတောင်းပေးခဲ့ကြသည်။

**<u>ဘုန်းတော်ကြီးဖာသာစတန်းနစ်(စ်)၏ကိုယ်ရေးရာဇဝင်</u>**

ဖာသာရ် စတန်းနစ်(စ်)သည် ဖျာပုံခရိုင် ကျိုက်လတ်မြို့တွင်(၁၉၃၅)ခုနှစ်ဇွန်လ(၁၈)ရက်နေ့



တွင် အဖဦးလာဇာရ်နှင့် အမိဒေါ်အန်ထော်နီမား တို့မှ မွေးဖွားခဲ့ပါသည်။ မောင်နှမ (၁၂)နှစ်ယောက် ရှိသည့်အနက် ဒုတိယသားအကြီးဆုံးဖြစ်ပါသည်။ ဘုန်းတော်ကြီးဖြစ်ရန်လမ်းညွှန်ပြပေးခဲ့သောသူမှာ ကျိုက်လတ်ကျောင်းထိုင် ဘုန်းတော်ကြီးဖိလစ်ဖြစ်ပါသည်။ မူလတန်းပညာရေးကို ကျိုက်လတ်သာသနာ့ကျောင်းတွင် သင်ယူခဲ့သည်။ အလယ်တန်းနှင့် အထက်တန်း ပညာရေးကို ရန်ကုန်မြို့ ကန်တော်လေး စိန်အန်ထော်နီနှင့် စိန်ပေါလ် ကျောင်းတော်ကြီးတွင် တက်ရောက်ပညာသင်ကြားခဲ့သည်။(၁၉၅၇)ခုနှစ်တွင် ရန်ကုန်သိမ်ဖြူလမ်း၌ဖွင့်လှစ်ထားရှိသောရဟန်းဖြစ်သင်တန်းကျောင်းတွင် စတင်ပြီး ရဟန်းတို့တတ်သိအပ်သော ဘာသာရေးပညာရပ်များကိုဖာသာရ်လူဂါစိုးထံမှသင်ယူဆည်းပူးခဲ့ပါတယ်။ထိုမှတစ်ဖန်ရန်ကုန်၊ မရမ်းကုန်း၊ ဒူဗန်း(ယခုမေလိခ)လမ်းတွင်ရှိသောရဟန်းဖြစ်တက္ကသိုလ်သို့ဆက်လက်သင်ကြားခဲ့သည်။ဖာသာရ် စတန်းနစ်(စ်)သည်ရဟန်းဖြစ်တက္ကသိုလ်တွင်(၇)နှစ်တိုင်အောင် ပညာဆည်းပူးခဲ့ပြီး(၁၉၆၆)မတ်လ (၁၂)ရက်နေ့တွင် ဂိုဏ်းချုပ်ဆရာတော်ဗိုဘားဇင်း၏ လက်ထောက်ဆရာတော် ဂေဖြယ်ထိုပေါမန်းဂါဘီ လက်တော်မှ ရဟန်းသိက္ခာတော်ရရှိခဲ့ပါတယ်။

(၁၉၆၆)ခုနှစ်၊ ဧပြီလ(၅)ရက်နေ့တွင် ပထမဆုံးသာသနာတာဝန်ကို ဖာပွန်မြို့ ဖာသာရ် ကာလ်မွန်၏လက်ထောက်ဘုန်းတော်ကြီးအဖြစ် အမှုတော်မြတ်ကိုစတင်ထမ်းဆောင်ခဲ့ကာ တာဝန်ထမ်းဆောင်နေချိန်အတွင်း ကရင်စကားနှင့် ကရင်စာပေကို ဖာပွန်မြို့တွင်ပင် ကျွမ်းကျင်စွာ သင်ယူတတ်မြောက်ခဲ့သည်။ (၁၉၆၇)ခုနှစ်ဖေဖော်ဝါရီလ(၄)ရက်နေ့တွင်ကမမောင်းနိုလက်ဘုရားကျောင်းတွင် ကျောင်းထိုင်ဘုန်းတော်ကြီးအဖြစ်ဒုတိယအကြိမ်သာသနာ့အမှုတော်ကို ထမ်းရွက်ခဲ့ပါတယ်။တာဝန်ကျနေစဉ်အတွင်းကမမောင်းတွင် ဘုန်းတော်ကြီးကျောင်း၊ သီလရှင်ဘော်ဒါကျောင်းဆောင်တို့ကို တိုးချဲ့ဆောက်လုပ်ခဲ့သည်။ ကမမောင်းနယ်အတွင်းရှိသောကျေးရွာ(၅)ရွာတွင် ဘုရားကျောင်း(၅)ကျောင်းတည်ဆောက်ခဲ့ပါသည်။ တောင်ပေါ်အထိသာသနာပြုလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကာ မိန်းကလေးနှင့် ယောက်ျားလေး ဘော်ဒါကျောင်းဆောင်ကို ဖွင့်၍ နယ်လှည့် စပါးအလှူခံကာ ဘော်ဒါကလေးများ အားထောက်ပံ့ ပေးခဲ့သည်။ (၁၉၇၄)ခုနှစ်အထိ လက်ထောက်ဘုန်းတော်ကြီးအဖြစ်ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့ကာ (၁၉၇၄)ခုနှစ်မေလတွင် ကျောင်းထိုင်ဘုန်း တော်ကြီးအဖြစ် ပုလောမြို့၊ မြိတ်မြို့ မြိတ်အရှေ့အနောက်၊ တနင်္သာရီ၊ဘုတ်ပြင်း၊ ကော့သောင်းမိုင်(၂၀၀)ကျယ်ပြန့်သော သာသနာဝါးခုတွင် ၁၉၈၀ ခုနှစ် အထိ အမှုတော် ထမ်းဆောင်ခဲ့ သည်။ မြိတ်သာသနာကို အုပ်စု(၈)ခုခွဲပြီးအုပ်ချုပ်ခဲ့ပါသည်။ ထို့အပြင် ထိုအုပ်စုကြီး(၈)ခုအတွက်ဥက္ကဋ္ဌများ၊ အုပ်စုဓမ္မဆရာ၊ ဆရာမများကိုလည်း ဖွဲ့စည်းပြီး တာဝန်ခွဲဝေသတ်မှတ်ပေးခဲ့သည်။ ကလေးများပညာရေး အတွက်ဘော်ဒါ ကျောင်းသုံးကျောင်းကို ပုလော၊ကဗျာတွင်တစ်ကျောင်း၊ မြိတ်မြို့တွင်တစ်ကျောင်း၊ကံမော်နှင့် ပရူးချောင်းတွင် တစ်ကျောင်းစုစုပေါင်း သုံးကျောင်း ဖွင့်ခဲ့သည်။ မြိတ်သာသနာတွင် (၇) နှစ်တိုင် တာဝန် ထမ်းဆောင်ခဲ့ကာ (၁၉၈၀)ဒီဇင်ဘာလတွင် မွန်ပြည်နယ် ကျိုက္ခမီ ကျောင်းထိုင် ဘုန်းတော်ကြီးအဖြစ် (၂) နှစ် ပြောင်းရွှေ့ တာဝန်ယူခဲ့ပြီး မုဒုံ၊ သံဖြူဇရပ်၊ ရေးအထိ သာသနာ အမှုတော်ကို ထမ်းရွက်ခဲ့ပါတယ်။



(၁၉၈၃)ခုနှစ် မတ်လ (၂၇)ရက် တွင် မော်လမြိုင်မြို့ စိန်ပက်ထရစ် ဘုရားကျောင်းတော်ကြီးသို့ ပြောင်းရွှေ့ခဲ့ကာ ယခုအချိန်အထိ(၃၃) နှစ်တိုင်တိုင် တာဝန်ထမ်းဆောင်နေဆဲဖြစ်သည်။သာသနာကျောင်းဝင်းကိုလည်း ကြီးကြပ်ထိန်းသိမ်းခဲ့၍ ဘုရားကျောင်းတစ်ခုလုံးကိုလည်းအတွင်းအပြင်မွမ်းမံပြင်ဆင် ဆောင်ရွက်ခဲ့သည်။(၁၉၉၁)တွင်ကိုယ်တော်မြတ်ပလ္လင်အသစ်(၂၀၀၄)တွင် ဘုရားကျောင်းအရှေ့ အိုမီဂါ ဆိုင်းဘုတ်နှင့် မယ်တော်၊ ယေရှူးဆင်းထုတော်ကိုဌင်း၊ သာသာတူများ ထမင်းသုံးဆောင်နိုင်သော မယ်တော်ဆောင်ကိုဌင်း၊ စိန်ပက်ထရစ်သချိုင်းပတ်ပတ်လည် အုတ်တံတိုင်းနှင့် ရေမြောင်းပြုပြင်တည်ဆောက် နိုင်ခဲ့သည်။

(၂၀၁၆) ခုနှစ်တွင် ဂျူဘီလီ အထိမ်း အမှတ်အဖြစ်ဦးစံဒီယားဂူးမိသားစု၊ ကိုခင်ဝင်း တို့မှ အလှူငွေများ ပါဝင်ခြင်းဖြင့် အသစ်တည် ဆောက် နိုင်ခဲ့သည်။

Fr Augustine Shwe (OSC – MLM)

# စုပေါင်းလူငယ်သင်တန်း

သီပေါနှင့်နမ္မတူတိုက်နယ် ပူးပေါင်း၍လူငယ်သင်တန်းကို ၃၀ မတ်လ မှ ၄ ရက်၊ဧပြီလ ၂၀၁၆ခုနှစ်တွင် နမ္မတူမြို့ အပြစ်မဲ့သန္ဓေယူတော်မူသောဘုရားရှိခိုးကျောင်း၌ စုပေါင်းသင်တန်းပြုလုပ်ခဲ့ကြသည်။

ထိုသင်တန်းကို လားရှိုးလူငယ်တာဝန်ခံ ဖာသာရ်ဂျိမ်းဘရန်ဂျာ၊ သီပေါကျောင်းထိုင်ဖာသာရ်ဟင်နရီ၊ နမ္မတူကျောင်းထိုင်ဖာသာရ် လူးကားစ်နော် တို့ ဦးဆောင်ကာတိုက်နယ်အသီးသီးမှလူငယ်အယောက် (၁၀၀)တက်ရောက်ခဲ့သည်။ သင်တန်းအတွင်း ဖာသာရ်ပီတာလူဝစ်းမှ လူ့ဂုဏ်သိက္ခာနှင့်လူ့တန်ဖိုးအကြောင်းကိုလည်းကောင်း၊ဖာသာရ်ဘရန်ဂျာမှလူကုန်ကူးမှုတားဆီးရေးအကြောင်းကိုလည်းကောင်း၊ ဖာသာရ်ဟင်နရီမှ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းခြင်းအကြောင်းကိုလည်းကောင်း၊ ဖာသာရ်လူးကားနော်မှ မူးယစ်ဆေးဝါး အန္တရာယ်အကြောင်းကိုလည်းကောင်း၊ စစ္စတာရ်လူစီယား(FMA)မှ သနားခြင်း၏ဂျူဘီလီနှစ်အကြောင်းတို့ကို ပို့ချပေးခဲ့ကြသည်။

၃၊၄၊၂၀၁၆နေ့တွင် နမ္မတူတိုက်နယ်မှ မာသာရ်ဆူဇံသန်းသန်းအေးနှင့် ဓမ္မဆရာဗျာလူးတို့၏ ငွေစင်ဂျူဘီလီ ကျေးဇူးတင်မစ္ဆားတရားကို ဂုဏ်ပြုကျင်းပခဲ့သည်။ လူငယ်သင်တန်းကို ကောင်းမွန်စွာပြုလုပ်နိုင်ခဲ့သည့်အတွက်ဘုရားသခင်ကိုလည်းကောင်း၊ ကျေးဇူးရှင်များကိုလည်းကောင်း သင်တန်းပို့ချပေးခဲ့သော သူများကိုလည်းကောင်း၊ သင်တန်းတက်ရောက်ကြသော လူငယ်တစ်ဦးစီကိုလည်းကောင်း ကျေးဇူးတင်ကြောင်း သိရှိရပါသည်။ (ဖာသာရ်လူးကားစ်နော်)

CRCM

## Myanmar Institute of Religious Studies Graduation Ceremony



M.I.R.S Graduation Ceremony ကို (၃၁)ရက်နေ့တွင် ကျင်းပခဲ့သည်။ ၎င်းအခမ်းအနား ကို ကာဒီနယ်ချားလ်စ်ဘို၊ ဆရာတော်ဂျွန်စောယောဟန်၊ ဆရာတော် ဂျက်စတင်းစောမင်းသိုက်၊ ရဟန်းတော်များ၊ ဂိုဏ်းအသီးသီးမှ သီလရှင် အကြီးအကဲများ၊ ကိုယ်စားလှယ်တော်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များကိုတက်ရောက် ခဲ့ကြသည်။ အခမ်းအနားတွင် ကာဒီနယ်ချားလ်စ်ဘို၊ ဆရာတော်ဂျက်စတင်းစောမင်းသိုက်နှင့် ဖာသာရ် မောရစ်ညွှန့်ဝေ တို့မှ လည်းမိန့်ခွန်းနှင့် အားပေးစကားများ ခြွေခဲ့ကြသည်။ ထို့နောက် Acadamic Year ကျောင်းသားများ ဖြစ်ကြသော Sr. Clare (MF)၊ Sr. Nant Prinsca(MF)၊ Sr.Rita(SJA)၊ Sr. Eligabeth(SJA)၊ Sr.Anna(FSAG) Sr.Marina(OSM) တို့ကို ဘွဲ့ချီးမြှင့်ခြင်း၊ One Year Pastoral Program ကျောင်းသား(၁၈)ယောက် တို့ကိုဆုချီးမြှင့်ခြင်း၊ ဆရာများကို လက်ဆောင်ဆက်ကပ်ခြင်း၊ ဖျော်ဖြေရေး အစီအစဉ်တင်ဆက်ခြင်းနှင့် နေ့လည်စာ ကျွေးမွေးခြင်းတို့ဖြင့် အခမ်းအနားကို အောင်မြင်စွာပြုလုပ်ခဲ့ကြောင်း MIRS တွင်တက်ရောက်ပညာတော်ဆည်းပူးနေကြသောကျောင်းသူ၊ သားများမှာဂိုဏ်း(၁၅)ဂိုဏ်းမှ ဖြစ်ကြောင်း သတင်းရရှိ ပါသည်။ (Sr. Chris May)

လွိုင်ကော်သာသနာ

## ရဟန်းတော်များပြန်လည်ကတိသစ္စာဆိုခြင်း နှင့်ရဟန်းသစ်အားဂုဏ်ပြုခြင်း

ကက်သရင်းဂျွန်( လွိုင်ကော်)

သခင်ခရစ်တော် ကိုယ်တော်မြတ်စက္ကရမင်းတူးကို တည်ထောင်သောနေ့၌ ကယားပြည်နယ် လွိုင်ကော်သာသနာ တိုက်နယ်အသီးသီးရှိ ရဟန်းတော်များအားလုံးနှင့် ဂိုဏ်းအုပ်ဆရာတော်ကြီး စတီးဖင်းတျေးဖဲ၊ ဆရာတော်ဆိုတေးရီဖာမောနှင့် အတူ ၂၃၊၃၊၂၀၁၆ နေ့နံနက်(၆း၀၀)နာရီတွင် လွိုင်လွိုင်ကော်မြို့ ခရစ်တော်ဘုရင်ဘုရားကျောင်း၌မစ္ဆားပူဇော်ခြင်းတွင် ပါဝင်ပြီးရဟန်းများအားလုံး မိမိတို့၏ ရဟန်းသိက္ခာ ခံယူခဲ့စဉ်ကထားခဲ့သော ကတိသစ္စာများကို ပြန်လည်ပြုလုပ်ကြပါသည်။

ထို့နောက်လွိုင်ကော်ဂိုဏ်းအုပ်ဆရာတော် စတီးဖင်းတျေးဖဲမှ ပရိတ်တော်ဆီများကိုကောင်းချီးပေးခဲ့ပါသည်။ ဆရာတော်ကြီးများနှင့် ရဟန်းတော်များ၏ စည်းလုံးညီညွတ်ခြင်း၊ချစ်ခြင်းမေတ္တာများပေါ်လွင်ထင်ရှားစေပါသည်။ မစ္ဆားပူဇော်ခြင်းအခမ်းအနားတွင် ဆရာတော်နှစ်ပါးနှင့် လွိုင်ကော်သာသနာ တိုက်နယ်အသီးသီးမှ ရဟန်း(၁၀၀)ကျော်၊ ကိုရင်၊ သီလရှင်၊ဘာသာဝင်များတက်ရောက်ပါဝင်ခဲ့သည်။

---------------------

ယုံကြည်ခြင်း သာသနာပြု(MF)ဂိုဏ်းမှ ရဟန်းသစ်မောရစ်သီဟထွေး၏ ပထမဦးဆုံးမစ္ဆား ကောင်းကြီးကို(၂၉၊၃၊၂၀၁၆)နေ့ နံနက်တွင် လွိုင်ကော်မြို့ ခရစ်တော်ဘုရင်ဘုရားကျောင်း၌ဘုန်းတော်ကြီး(၃၃)ပါးနှင့်ကျေးဇူးတင် မစ္ဆားပူဇော်ပေးခဲ့ပါသည်။ ရဟန်းသစ်အားဂုဏ်ပြုသည့်အနေဖြင့်သာသနာရှိအသင်းဖွဲ့အသီးသီးမှ ဂုဏ်ပြုသြဘာစာဖတ်ခြင်း၊ နှုတ်ဆက်သီချင်းဖြင့်ဖျော်ဖြေတင်ဆက်ခဲ့ပါသည်။ရဟန်းသစ်၏ ပထမဦးမစ္ဆားကို လွိုင်ကော်သာသနာရှိဂိုဏ်းအသီးသီးမှဘုန်းတော်ကြီးများ၊သီလရှင်များ၊ဘာသာသူများ တက်ရောက် ပါဝင်ခဲ့ကြောင်း သိရပါသည်။

(၁၉၊၃၊၂၀၁၆)နေ့၌ စိန့်ဂျိုးဇက် ဘုရားရှိခိုးကျောင်း ဒီမောဆိုမြို့တွင် လွိုင်ကော်ကက်သလစ်သာသနာ ဂိုဏ်းအုပ်ဆရာတော်ကြီး ဆိုတေးရီဖာမောထံမှ ရဟန်းသိက္ခာကို ခံယူခဲ့ခြင်းဖြစ်ပါ သည်။

## ဆက်ကပ်သူတော်စင်အဖွဲ့ L.C.A (Life of Consecrated Association)

Sr. Josphen Khay (ZSLF)

ဆက်ကပ်သူတော်စင်များအဖွဲ့(L.C.A)၏ အစည်းအဝေးကို တောင်ကြီးမြို့ ဆရာတော်ကျောင်းတိုက်၌ ၂၂၊၃၊၂၀၁၆ နံနက်(၉း၃၀) အချိန်တွင် ပြုလုပ်ခဲ့ကြောင်းသိရှိရပါသည်။၎င်းတောင်ကြီးဆက်ကပ်သူတော်စင်အဖွဲ့အစည်းသည် သူတော်စင်များနှစ် စတင်ဖွင့်လှစ်သော အချိန်မှစ၍ ဆရာတော်ကြီးမာတီးယားဦးရွှေနှင့်ဆရာတော်ဘာစီလီယို အားသိုက်တို့ဦးဆောင်ဖွဲ့စည်းသောအဖွဲ့တစ်ဖွဲ့ဖြစ်သည်။ လက်ရှိ အဖွဲ့အစည်း၏ဥက္ကဌမှာ Fr.Titus (JS)၊ ဒုဥက္ကဌမှာ Sr. Natalina Misa (Charity)၊ အတွင်းရေးမှူးမှာ Sr.Bibiana Bya (ZSLF) ဖြစ်ပြီး အဖွဲ့ဝင်များမှာဆပ်ဖြေခြင်းသီလရှင်(၁)ပါး၊ ဂရုဏာသီလရှင်(၁)ပါး၊ စေတမန်သီလရှင်(၁)ပါးနှင့် မျှော်မြင်ခြင်းသီလရှင်(၁)ပါးတို့ ဖြစ်ကြောင်းသိရှိရသည်။

အစည်းအဝေးတွင်Year of Consecrated Life ၏တစ်နှစ်တာလှုပ်ရှားမှုကို ပြန်လည်သုံးသပ်ခဲ့ပါသည်။ ပထမဦးဆုံးသုံးသပ်ချက်မှာ L.C.A ၏ အောင်မြင်မှုသုံးခုကို ပြန်လည်သုံးသပ်ခဲ့ပါသည်။ ပထမအောင်မြင်မှုမှာ သူတော်စင်ဂိုဏ်းပေါင်းစုံ အတူတကွလက်တွဲပြီး သာသနာလုပ်ငန်းတွင် လုပ်ဆောင်ခွင့် ရရှိသည့်အတွက် စည်းလုံးခြင်း၏ လက္ခဏာကိုပြသနေခြင်း၊ ဒုတိယအောင်မြင်မှုမှာ ရေနက်ရာကို ရွှေ့လော့ဟူသော တောင်ကြီးသာသနာ၏ ဆောင်ပုဒ်နှင့်အညီ ဝေးလံခေါင်းပါးပြီး သာသနာနှင့်ကင်းကွာသောသိုးစုများဆီသို့သွားရောက်အားပေးခွင့် ရရှိသည့် အပြင်သခင်ခရစ်တော်၏ သတင်းကောင်းကို ဝေမျှသက်သေခံခွင့်ရရှိခြင်း၊ တတိယအောင်မြင်မှုက နယ်စွန်နယ်ဖျားတွင် သွားရောက်သည့်အချိန်တွင် လူမျိုး၊ ဘာသာမခွဲခြားပဲ ကျန်းမာရေးစောင့်ရှောက် ပေးသည် သာမက ပညာရေး၊ လူမှုရေးတွင်လည်း ကူညီအားပေးလမ်းညွှန်သွားခဲ့ပြီး ဗုဒ္ဓဘုန်းတော်ကြီးများဆီသို့လည်း အလည်အပတ် သွားခဲ့ခြင်း တို့ဖြစ်ပါ သည်။

L.C.A ၏ တစ်နှစ်တာကို ပြန်လည်သုံးသပ်ပြီးသည့်နောက် ရှေ့ဆက်လုပ်ဆောင်မည့် လုပ်ငန်းစဉ်များကိုလည်းဆွေးနွေး သွားခဲ့ကြောင်းသိရပါသည်။ အစည်းအဝေး၌ သကြင်္န်အချိန်တွင် ဘာသာတူများကိုစုရုံးပြီး အစီအစဉ် တစ်ခုခုကို စီစဉ်ပေးနိုင်လျှင်၊ ၂၀၁၆ခုနှစ်မှစ၍ တစ်နှစ်လျှင်နှစ်ကြိမ် (ခရစ္စမတ်နှင့်ပါစကားအချိန်) နယ်လှည့်ခရီးသွားနိုင်လျှင်၊ ခရစ္စမတ်အချိန်တွင်တိုက်နယ်အဆင့်ထိမဟုတ်ပဲကျေးရွာ အထိသွားရောက်လျှင်ပိုကောင်းမည်းဟုအကြံပြုကြကြောင်း သိရှိရပါသည်။L.C.Aအဖွဲ့ဆက်လက်တည်တံ့ခိုင်မြဲရန်အတွက် တောင်ကြီးသာသနာရှိ သူတော်စင်ဂိုဏ်းအသီးသီးမှ ကျောင်းတစ်ကျောင်းကို တစ်လလျှင် အလှူငွေ(၅၀၀၀)ကျပ် ထည့်ဝင်လှူဒါန်းရမည်ဖြစ်ကြောင်းကို မတ်လ(၂၂) ၂၀၁၆ ခုနှစ် ပြုလုပ်သော အစည်းအဝေးတွင် သဘောတူ ဆုံးဖြတ်သွားခဲ့ကြောင်းသိရပါသည်။ ၂၀၁၆ မတ်လ (၃၀)မှ စ၍ ဧပြီလ(၁)ရက်ထိ လဲချားတိုက်နယ် ရှိပလောင် ရွာများဖြစ်သော နန့်ခုံးအွမ်၊ နောင်စံဖူး၊ ခေးအုံအွေ့ တို့တွင်ကျန်းမာရေး ဟောပြောပွဲများပြုလုပ်ခဲ့သည်။

၎င်းဟောပြောပွဲတွင် တီဘီရောဂါနှင့် ငှက်ဖျားရောဂါအကြောင်း အထူးဆွေးနွေးသွားပြီး သွေးစစ်ခြင်းများ ပြုလုပ်ပေးခဲ့ပါသည်။ ပညာရေးနှင့်ပက်သက်ပြီး ဗုဒ္ဓဘုန်းတော်ကြီး၊ ရွာသူကြီးတို့နှင့် တွေ့ဆုံပြီး ဆွေးနွေးအကြံပေးခဲ့ကြသည်။ ထိုရွာများသို့ Fr. Saw Shwe နှင့် အတူ စေတမန် သီလရှင်တစ်ပါး၊ ဆပ်ဖြေခြင်းသီလရှင် တစ်ပါး၊ ဂရုဏာသီလရှင်တစ်ပါး၊ မျှော်မြင်ခြင်း သီလရှင်တစ်ပါး တို့သည် သခင်ခရစ်တော်၏ သတင်းကောင်းကို ဂမ်းမြောက်စွာ သွားရောက် ဝေမျှသက်သေခံခဲ့ကြကြောင်း သတင်းရရှိပါသည်။





Catholic Bishops' Conference of Myanmar (CBCM)
**Office of Social Communications**
292(A) Pyay Road, Sanchaung P.O
Yangon 11111, Myanmar
Ph:(+95)1 525808
cbcmosc@gmail.com www.catholicmyanmar.org

# သီချင်းဆိုပြိုင်ပွဲဖိတ်ခေါ်ခြင်း

မြန်မာနိုင်ငံလုံးဆိုင်ရာ ကက်သလစ်လူထုဆက်သွယ်ရေးကော်မရှင် နှင့် လူငယ်ကော်မရှင် တို့၏ ဦးစီးဦးဆောင်မှုဖြင့် "TRINTA STAR" သီချင်းဆိုပြိုင်ပွဲတစ်ခု ပြုလုပ်မည်ဖြစ်ပါသည်။

သီချင်းဆိုပြိုင်ပွဲပြုလုပ်ရခြင်း၏ရည်ရွယ်ချက်များမှာ ၂၀၁၆ ခုနှစ် မေလ(၈)ရက်နေ့တွင် ကျရောက်သော (၅၀) ကြိမ်မြောက် ကမ□ာ့လူထုဆက်သွယ်ရေးနေ့ကိုဂုဏ်ပြုခြင်း နှင့် အနုပညာရှင်များသည် "လုပခြင်းကို ထိန်းသိမ်းကာ ကွယ်ကာစောင့်ရှောက်သူများ၊ လူသားထုအတွက် မျှော်လင့်ချက်၏ သက်သေခံသူများ၊ ကြွေညာဟောပြောသူများ" ဖြစ်ကြောင်းကိုနလုံးမူကာ ဘုရားသခင်၏ဘုန်းဂုဏ်တော်နှင့်အများကောင်းကျိုးသယ်ပိုးဆောင်ရွက်နိုင်စွမ်းရှိသည့်ကက်သလစ် အနုပညာရှင်များစွာ ထွက်ပေါ် လာစေရန် ရည်ရွယ်ပါသည်။

သို့ဖြစ်၍ ပြိုင်ပွဲဝင်လိုသူများသည် မိမိတို့၏သာသနာအသီးသီးတွင်ရှိသော လူထုဆက်သွယ်ရေး တာဝန်ခံ ဘုန်းတော်ကြီးများထံသို့ နာမည်စာရင်းပေးသွင်းနိုင်ပါရန် လေးစားစွာဖြင့် ဖိတ်ခေါ်အပ်ပါသည်။

သီချင်းဆိုပြိုင်ပွဲကို
**၁။ ဂိုဏ်းအုပ်သာသနာအဆင့်**
**၂။ ဂိုဏ်းချုပ်သာသနာအဆင့် နှင့်**
**၃။ တစ်နိုင်ငံလုံးဆိုင်ရာဗဟို အဆင့်**ဟူ၍ ယှဉ်ပြိုင်ကြရပါမည်။

**၁။ ဂိုဏ်းအုပ်သာသနာအဆင့် (ပထမအဆင့်)**

ဂိုဏ်းအုပ်သာသနာအဆင့်တွင် သက်ဆိုင်ရာသာသနာနယ်(Parish)အသီးသီးများမှ ရွေးချယ်ခံထားရသော သီချင်းဂါသနာရှင်များ ယှဉ်ပြိုင်ကြရမည်ဖြစ်ကာ ဂိုဏ်းအုပ်သာသနာ တစ်ခုလျှင် အကောင်းဆုံး(၅)ဦးကို စိစစ် ရွေးချယ်လျက် ဂိုဏ်းချုပ်သာသနာအဆင့်သို့ ဆက်လက် ယှဉ်ပြိုင် စေရပါမည်။

**၂။ ဂိုဏ်းချုပ်သာသနာအဆင့် (ဒုတိယအဆင့်)**

ဂိုဏ်းချုပ်သာသနာအဆင့်တွင် ဂိုဏ်းအုပ်သာသနာအသီးသီးမှ စိစစ်ရွေးချယ်ခံထားရသောပြိုင်ပွဲဝင်များက ဆက်လက် ယှဉ် ပြိုင်ကြရမည်ဖြစ်ကာ နောက်ဆုံးဆန်ကာတင် တေးသံရှင် ဆယ်(၁၀)ဦးကို ဂိုဏ်းချုပ် သာသနာနယ် ကိုယ်စား ပြုအဖြစ် ရွေးချယ်မည်ဖြစ်သည်။ အဆိုပါ ဂိုဏ်းချုပ် သာသနာအဆင့် သီချင်းဆိုပြိုင်ပွဲကို CBCM-Osc(CCAA)မှ ကက်သလစ် အနုပညာရှင်များကိုယ်တိုင် စိစစ်ပေးမည်ဖြစ်ကာ ထိုပြိုင်ပွဲကို ရန်ကုန်မြို့၊ မန္တလေးမြို့ နှင့် တောင်ကြီး မြို့တို့တွင် (၂၀၁၆)ခုနှစ်(ဇွန်)လ၏ နောက်ဆုံးအပတ်မတိုင်မီ ဂိုဏ်းချုပ်သာသနာအလိုက် အသီးသီး ကျင်းပမည်ဖြစ် ပါသည်။

**၃။ တစ်နိုင်ငံလုံးဆိုင်ရာ ဗဟိုအဆင့်**

ရန်ကုန်မြို့တွင် ကျင်းပပြုလုပ်မည့် တစ်နိုင်ငံလုံးဆိုင်ရာ ဗဟိုအဆင့်တွင် နှစ်ကျော့ယှဉ်ပြိုင်ကြရမည်ဖြစ်ပြီး ပထမ အကျော့တွင် ဂိုဏ်းချုပ်သာသနာအသီးသီးကိုယ်စားပြု ရွေးချယ်စေလွှတ်ခံထားရသော ဂါသနာရှင် အယောက် (၃၀) ထဲမှ(၁၀)ဦး ကို နောက်ဆုံးအဆင့်တွင် ယှဉ်ပြိုင်ရန် ထပ်မံ စိစစ်ရွေးချယ်မည်ဖြစ်သည်။

ဒုတိယအကျော့သည် တစ်နိုင်ငံလုံးဆိုင်ရာဗဟိုအဆင့်၏နောက်ဆုံးပြိုင်ပွဲဖြစ်ပြီးဗဟိုအဆင့်ပထမအကျော့မှ ရွေးချယ်ထားသော ဆန်ကာတင် (၁၀)ဦးတို့က အကြိတ်အနယ် ယှဉ်ပြိုင်ကြရမည်ဖြစ်ကာ ယင်း (၁၀)ဦး ထဲမှ ပထမ၊ ဒုတိယ၊ တတိယ နှင့် နှစ်သိမ့်ဆုနှစ်ဦး အားလုံးပေါင်း(၅)ဦး ရွေးချယ်ခံရမည် ဖြစ်ပါသည်။ နောက်ဆုံး ဗဟိုအဆင့် သီချင်းဆို ပြိုင်ပွဲကို (၂၀၁၆) ခုနှစ်၊ (ဇူလိုင်)လ၏ နောက်ဆုံးအပတ်တွင် ရန်ကုန်မြို့၌ ပြုလုပ်မည်ဖြစ်ရာ ပြိုင်ပွဲအတွင်းတည်းခိုရန် အခက်အခဲရှိသော သူများအတွက် နေထိုင်ရေးနှင့် စားစရိတ်များကို ဗဟိုရုံးမှ တာဝန်ယူပေးပါမည်။

**သီချင်းဆိုပြိုင်ပွဲအတွက်စည်းကမ်းချက်များ**

၁။ ပြိုင်ပွဲဝင်များသည် အသက်(၁၅)နှစ်မှ(၃၀)နှစ်ရှိ ကက်သလစ်ဘာသာဝင်ဖြစ်ရပါမည်။
၂။ ပြိုင်ပွဲဝင်မည့်သူများသည် သက်ဆိုင်ရာကျောင်းထိုင်ဘုန်းတော်ကြီး၏ထောက်ခံချက်ပါရှိရမည်။
၃။ ဂိုဏ်းအုပ်သာသနာနှင့် ဂိုဏ်းချုပ်သာသနာအဆင့်ဆင့် သီချင်းဆိုပြိုင်ပွဲအတွက် သီချင်းများကို မိမိတို့ကြိုက်နှစ်သက်သော ကက်သလစ်ဓမ္မတေးများမှကာရာအိုကေဖြစ်စေ၊ တီးခတ်၍ဖြစ်စေ ရွေးချယ် ယှဉ်ပြိုင်ရမည်။
၄။ နောက်ဆုံးအဆင့် (ရန်ကုန်) ပြိုင်ပွဲများကို ယှဉ်ပြိုင်သောအခါ တေးသီချင်းများကို CBCM-Osc(CCAA) မှ ပေးထားသော တေးသီချင်းများကိုသာ ယှဉ်ပြိုင်ရမည်ဖြစ်ပြီး CBCM-Osc(CCAA)မှ တီးခတ်ပေးမည်။
၅။ ပြိုင်ပွဲတိုင်း အတွက် ရမှတ်များကို အောက်ပါ အရည်အချင်းများဖြင့် သတ်မှတ်ရန် ဖြစ်သည်။
၁။ Pitch ၂။ Timing ၃။ Tone colour ၄။ Expression ၅။ Performance ၆။ Diction
၆။ ဆုပေးအပ်ခြင်း
ပထမဆု= ကျပ်(၁၀)သိန်း၊ ဒုတိယဆု= ကျပ်(၇)သိန်း၊ တတိယဆု= ကျပ်(၅)သိန်း နှစ်သိမ့်ဆု= ကျပ်(၂)သိန်း
၇။ ရွေးချယ်ခံရသော ဆုရတေးသံရှင်ငါးဦးတို့၏တေးသီချင်းများကို ဓမ္မတေး Album တစ်ခုအဖြစ် ဆက်လက်ထုတ်လုပ်ပေးမည်ဖြစ်သည်။

Bishop Peter Louis
(Chairman, CBCM-OSC)

Bishop Peter Louis
(Chairman, CBCM-OSC)

Fr. Joseph Saw Eh Khaw Htoo
National Youth Director
(NCYC)




## မြန်မာနိုင်ငံလုံးဆိုင်ရာ ပထမဦးဆုံး ဓမ္မတေးသီချင်းဆိုပြိုင်ပွဲနေ့ရက်များ

### ပထမ အဆင့်ပြိုင်ပွဲနေ့ရက်များ

ကျိုင်းတုံသာသနာ (၁ ၊ ၄ ၊ ၂၀၁၆)
ကလေးသာသနာ (၂ ၊ ၄ ၊ ၂၀၁၆)
ဗန်းမော်သာသနာ (၄ ၊ ၄ ၊ ၂၀၁၆)
ပြည်သာသနာ (၁၄၊ ၄ ၊ ၂၀၁၆)
မြစ်ကြီးနားသာသနာ (၁၄၊ ၄ ၊ ၂၀၁၆)
မော်လမြိုင် သာသနာ(၂၄၊ ၄ ၊ ၂၀၁၆)
လားရှိုး (၂၄၊ ၄ ၊ ၂၀၁၆)
မန္တလေးသာသနာ (၇ ၊ ၅ ၊ ၂၀၁၆)
ရန်ကုန်သာသနာ (၇ ၊ ၅ ၊ ၂၀၁၆)
ပုသိမ်သာသနာ (၈ ၊ ၅ ၊ ၂၀၁၆)

ကျန်သောသာသနာများမှပြိုင်ပွဲပြုလုပ်မည့်နေ့ရက်များ သတင်း မရရှိသေးပါ။

### ဒုတိယအဆင့်ပြိုင်ပွဲနေ့ရက်များ

၁။ ရန်ကုန်ဂိုဏ်းချုပ်သာသနာ အတွက်
နေရာ။ စိန်ပီတာနှင့် စိန်ပေါလ် ကျောင်း၊ အင်းစိန်
နေ့ရက်။ ၂၈ ၊ ၅ ၊ ၂၀၁၆

၂။ မန္တလေး ဂိုဏ်းချုပ်သာသနာအတွက်
နေရာ။ ပြင်ဦးလွင်၊ ရဟန်း ဖြစ်သင်ကျောင်း။
နေ့ရက်။ ၈ ၊ ၅ ၊ ၂၀၁၆

၃။ တောင်ကြီးဂိုဏ်းချုပ်သာသနာအတွက်
(ရက်စွဲမသိရသေးပါ) အသီးသီးကျင်းပပါမည်။
နေရာ။
နေ့ရက်။

### တတိယအဆင့်ပြိုင်ပွဲနေ့ရက်များ

ဗဟိုအဆင့်ပထမ အကြော့ပြိုင်ခြင်းကို
- နေရာ။ ထပ်ကြေငြာပါမည်
- နေ့ရက်။ (၁၆ ၊ ၇ ၊ ၂၀၁၆)
- ဂိုဏ်းချုပ်သာသနာအသီးသီးမှပြိုင်ပွဲဝင်များထဲမှ (၁၀) ဦး ရွေးပါမည်။

ဒုတိယအကြော့ပြိုင်ခြင်းကို
- နေရာ။ ထပ်ကြေငြာပါမည်
- နေ့ရက်။ (၂၃ ၊ ၇ ၊ ၂၀၁၆)
- ဗဟိုပထမ အကြော့တွင် အောင်မြင်သွားသော (၁၀) ဦး ထဲမှ နောက်ထပ် (၅)ဦး ရွေးမည်။

ဗဟိုနောက်ဆုံး ပြိုင်ခြင်းကို
- နေရာ။ ထပ်ကြေငြာပါမည်
- နေ့ရက်။ (၂၅၊ ၇ ၊ ၂၀၁၆)
- နောက်ဆုံး(၅)ဦးထဲမှ ပထမ၊ ဒုတိယ၊ တတိယ၊ နှစ်သိမ့်ဆုများရွေးပါမည်။





## မောက်မယ်တိုက်နယ် ငြိမ်းချမ်းခြင်း သခင်မဘုရားရှိခိုးကျောင်းကောင်းချီး ပေးခြင်းနှင့်တိုက်နယ်သစ်ဖွင့်ပွဲ

ဖယ်ခုံဂိုဏ်းအုပ်ကက်သလစ်သာသနာ၊မောက်မယ် တိုက်နယ်ဗဟိုတွင် ငြိမ်းချမ်းခြင်းသခင်မ ဘုရားရှိခိုးကျောင်းကို၇၊၄၊၂၀၁၆ ရက်နေ့၊ ညနေ (၅း၀၀)နာရီတွင် ဖယ်ခုံသာသနာဂိုဏ်းအုပ် ဆရာတော်ကြီး ပီတာလုက ကောင်းချီးပေးခဲ့ပါသည်။ ထိုညတွင် သာသနာအတွင်းရှိတိုက်နယ်အသီးသီးမှကက်သလစ်လုပ်ငန်းအသင်း၊ သံတာအားနာအသင်း၊ ဆက်ကပ်လူငယ်များနှင့် မောက်မယ်တိုက်နယ်ဘာသာတူများမှ ဓမ္မတေးသီဆိုခြင်းနှင့် ယဉ်ကျေးမှုအကပဒေသာများဖြင့် တင်ဆက်ခဲ့ကြပါသည်။



ထို့နောက် ၈၊၄၊၂၀၁၆ ရက်နေ့နံနက် (၇း၀၀) နာရီ တွင် တိုက်နယ်သစ်ဖွင့်ပွဲ မစ္ဆားတရားတော်ကြီးကို ဆရာတော်ဘုရားမှဦးဆောင်ကာတိုက်နယ်အသီးသီးမှ ရဟန်း (29)ပါးနှင့်အတူကျင်းပခဲ့ပါသည်။ တိုက်နယ်သစ်၏ ကျောင်းထိုင် အဖြစ် Rev.Fr. ElizeoHla El ကို ခန့်အပ်တာဝန်ပေးအပ်ခဲ့ပါသည်။ ဖယ်ခုံသာသနာ၏ ဝေးလံခေါင်ဖျားဆုံးသော မောက်မယ်နေရာမှာတိုက်နယ်သစ်ဖွင့်နိုင်ခဲ့ခြင်းသည် ဘုရား၏ကျေးဇူးတော်ဖြစ်ကြောင်း၊ ဘာသာတူတစ်ဦးစီ၏ ခရစ်ယာန်ပီသစွာ နေထိုင်မှုသည် ဘာသာခြားညီအစ်ကိုများကို သာသနာပြုခြင်းဖြစ်ကြောင်း ဂိုဏ်းအုပ်ဆရာတော်ဘုရားမှ မိန့်မှာခဲ့ပါသည်။

မောက်မယ်တိုက်နယ်သစ်သည် ဘာသာတူကျေးရွာပေါင်းသုံးရွာနှင့် ကက်သလစ်ဘာသာတူ ဦးရေ (၁၇၂)ဦးသာရှိသော တိုက်နယ်ဖြစ်သည်။ သို့သော်ထိုဘုရားကျောင်းရေစက်ချခြင်းနှင့် တိုက်နယ်သစ်ဖွင့်ပွဲတွင်တိုက်နယ်အသီးသီးမှ ဘာသာတူအမြောက်အများနှင့်အတူ ဒေသအတွင်းရှိ ညီအစ်ကိုဘာသာခြားများမှ အားတက်သရော ပါဝင်ကူညီခဲ့သည်ကို တွေ့ရသောကြောင့်ခွန်အားတစ်ခုဖြစ်မိကြောင်း ကျောင်းထိုင်ဘုန်းတော်ကြီး ElizeoHla El မှသူ၏ခံစားချက်ကို ပြော သွားခဲ့ပါသည်။ ထိုပွဲတော်သို့ ဖယ်ခုံသာသနာအသီးသီးမှ ဘာသာတူ ၆၅၀ ကျော်လာရောက်ဆုတောင်း အားပေးခဲ့ပါသည်။ ဘာသာတူအနည်းငယ်သာရှိပြီးရှေ့တန်းသာသနာတစ်ခုဖြစ်သည့် မောက်မယ်တိုက်နယ်သစ်အတွက် ညီအစ်ကိုဘာသာတူများလည်း ဆက်လက်ဆုတောင်းပေးကြပါရန် မေတ္တာရပ်ခံကြောင်းသတင်းရရှိပါသည်။ (Pekhon OSC)

## ပုသိမ်သာသနာလုံးဆိုင်ရာ လူငယ်သင်တန်း



ပုသိမ်သာသနာလုံးဆိုင်ရာ လူငယ်သင်တန်းကို ပုသိမ်မြို့ မရမ်းချောင်းရှိ ရဟန်းဖြစ်သင်ကျောင်းတွင် မတ် ၂၉ မှ ဧပြီ ၅ ရက်အထိ ကျင်းပ ပြုလုပ်ခဲ့သည်။ သင်တန်းတွင် ဧရာဝတီတိုင်းဒေသအတွင်းရှိ ပုသိမ်ဖုန်၊ မြောင်းမြဖုန်၊ ဟင်္သာတဖုန်များရှိ သာသနာ အသီးသီးမှ လူငယ် ၇၀၀ ကျော် တက်ရောက် ခဲ့ကြသည်။

အဆိုပါသင်တန်းသို့ ပုသိမ်ဆရာတော်ကြီး ဂျွန်မန်းဆိန်းဟို၊ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် မန်းဇော်နီနှင့်ဘုန်းတော်ကြီးများ၊sisterများကသင်တန်းသူသင်တန်းသား လူငယ်များကို အားပေးစကား ပြောခဲ့ကြသည်။ လူငယ်များသည် သာသနာအတွက်၊ နိုင်ငံတော်အတွက်အရေးကြီးသောလူ့စွမ်းအား အရင်းအမြစ်ဖြစ်ကြောင်း ၊ လူငယ်အချင်းချင်း ချစ်ခြင်းမေတ္တာတရားထားကာ လုပ်ငန်းများကို အတူတကွလက်တွဲ လုပ်ဆောင်ကြရန်လိုအပ်ကြောင်း၊ လူငယ်များအနေဖြင့် ရိုးသားကြိုးစားကာလုပ်ဆောင်ရန်လည်းလိုအပ်ကြောင်း တိုက်တွန်းပြောကြား ခဲ့သည်။

သင်တန်းတွင် စင်္ကာပူနိုင်ငံကန်းနီးရှင်းစစ္စတာရဲ့ ဂိုဏ်းမှ သီလရှင်နှင့် သင်တန်းပို့ချသည့် ဆရာ၊ဆရာမများက ဝိညာဉ်ရေးရာနှင့် လူငယ်အကြောင်းများပို့ချခြင်း၊ ဒေါ်မေသကြ်ာန်ဟိန် (မြစ်မခမီဒီယာ)မှ မီဒီယာ နှင့် စာနယ်ဇင်း အကြောင်းများအပြင် အခြားသင်တန်းဆရာများမှ စီမံခန့်ခွဲမှု သင်တန်းများကို ပို့ချခဲ့သည်။

တစ်နိုင်ငံလုံးဆိုင်ရာ ကက်သလစ်လူငယ်များ တေးသီချင်းပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် ဆန်ကာတင်အဆင့် အသံစိစစ်ရွေးချယ်ခြင်း သီချင်းဆို ပြိုင်ပွဲကို ပုသိမ်သာသနာလုံးဆိုင်ရာ အဆင့်အနေဖြင့်ပြုလုပ်ခဲ့ပြီး ပုသိမ်သာသနာ ဂိုဏ်းအုပ်လက်အောက်ရှိ သာသနာအသီးသီးမှ ၂၀ ဦးကိုရွေးချယ်ခဲ့သည်။ ပုသိမ်သာသနာလုံးဆိုင်ရာ လူငယ်သင်တန်း ကို ယခင်ကဓမ္မသင်တန်းကျောင်းတွင် နှစ်စဉ်ကျင်းပလာခဲ့ပြီး ၂၀၁၅ခုနှစ်မှ စတင်ကာ ပုသိမ်မရမ်းချောင်း ရဟန်းဖြစ်သင်ကျောင်းတွင် ပြောင်းလဲကျင်းပခဲ့ခြင်း ဖြစ်သည်။

(Pathein OSC)

## ကျိုင်းတုံသာသနာအတွက် ကရုဏာရှင်ယေရှု




၃၊၄၊၂၀၁၆ နေ့သည်ကရုဏာရှင်ယေရှု တနင်္ဂနွေနေ့ဖြစ်သည်။ပါစကားပွဲပြီးနောက် ဒုတိယတနင်္ဂနွေနေ့ကို Divine Mercy Sunday အဖြစ်အသင်းတော်က သတ်မှတ်သကဲ့သို့အထိမ်းအမှတ်အဖြစ်ကျိုင်းတုံဂိုဏ်းအုပ်သာသနာပိုင် မယ်တော်၏သန့်ရှင်းဖြူစင်သောနှလုံးတော်ကာသီဒြယ်၌ ကရုဏာရှင်ယေရှုဘုရားတော် ၁၂ပေအမြင့်ကို ကာသီဒြယ်၏ အရှေ့မျက်နှာတွင် ပူဇော်ထားရှိရန် မစ္ဆားတရားတော်မြတ် မစတင်မီ အဖဆရာတော်ပီတာလွီစ်က ကောင်းကြီးမင်္ဂလာသွန်းလောင်းဖွင့်လှစ် ပေးခဲ့ပါသည်။ ၄င်းဆင်းထုတော် ကို ယိုးဒယားမှ အလှူရှင်မိသားစုမှ လှူဒါန်းစွန့်ကြဲပေးခဲ့သည်။ မိမိသည် ကရုဏာရှင်ယေရှုအား ကြည်ညို အားကိုးယုံကြည်သူဖြစ်သကဲ့သို့အခြားသူများကလည်း ကိုးစားနိုင်စေရန်ဝေမျှခြင်း ဖြစ်ပါသည်။

ထို့ကြောင့် ကရုဏာရှင်ယေရှုအား ကိုးစားယုံကြည်သူအဖို့ သဒ္ဓါတရားပိုမိုထက်သန်စေပြီး၊ ကရုဏာရှင်ယေရှုအား ယုံကြည်ကိုးစား၍ ကျေးဇူးတော် ခံစားလိုသူများ များပြားလာသည်ကို တွေ့ရှိရပါသည်။ ယုံကြည်သူ ခရစ်ယာန်ဘာသာသူများတို့၏ သက်သေခံချက်အရ ကျန်းမာရေးအတွက်သော်လည်းကောင်း၊ မိမိတို့၏ ရည်မှန်းချက်အတွက် ဆုတောင်းပြည့်ကြောင်း သက်သေခံသွားကြပါသည်။ (ရှိုစ် SdP)

## ကက်သလစ်ဘုရားကျောင်းသို့ ကချင်ပြည်နယ်ဝန်ကြီးချုပ်ကြွလာခြင်း



ဒေါက်တာခက်အောင်ဦးဆောင်မည့် ကချင်ပြည်နယ်အစိုးရအဖွဲ့သစ်သည် ၁၇၊၄၊၂၀၁၆ ညနေ(၃)နာရီတွင်မြစ်ကြီးနားမြို့၊အောင်နန်းရပ်ကွက်ရှိစိန်ကိုလန်ဘန် ကက်သလစ်ဘုရားကျောင်းသို့ လာရောက်လည်ပတ်ကာ အစိုးရအဖွဲ့ဝင်များကို မိတ်ဆက်ပေးခဲ့သည်။

ကချင်ပြည်နယ်အစိုးရသစ် ဝန်ကြီးချုပ်ဒေါက်တာခက်အောင်နှင့်အဖွဲ့အား (သိုးစုများကို လိုက်လံလှည့်လည်ကြည့်ရှုနေသောမြစ်ကြီးနားကက်သလစ်သာသနာ၏သိုးထိန်းဆရာတော်ကြီးဖရန်စစ်ဒွေ့ါတန်ကိုယ်စား အထွေထွေအတွင်းရေးမှူး ဘုန်းတော်ကြီးပေါလ်ဂမ်ထယ်လွမ်းဒေါင်နှင့်ဘုန်းတော်ကြီးများ၊ စစ္စတာရ်များ၊ ဓမ္မဆရာ၊မများ၊ သာသနာ့အကျိုးတော်ဆောင်များ၊ မိခင်အသင်းများနှင့်အထူးဖိတ်ကြားထားသောဘာသာတူများက ကြိုဆိုခဲ့ကြပါသည်။

ဝန်ကြီးချုပ်ကအမှာစကားပြောကြားရာတွင်"ပြည်သူကတင်မြှောက်တဲ့အစိုးရဖြစ်သည်နှင့်အညီ ပြည်သူ့လိုလားချက်များကို အကောင်အထည်ဖော်ကာ ပြည်သူကို အလုပ်အကျွေးပြုမည်ဖြစ်ကြောင်းနှင့် မိမိတို့အားရွေးချယ်မဲပေး၍ တာဝန်ပေးအပ်သောပြည်သူများကို ကျေးဇူးတင်ရှိကြောင်း၊ နှစ်သစ်နှင့်အတူ demo/federalနိုင်ငံတော်ကို ပြည်သူလူထုနှင့်အတူ တည်ဆောက်မည်ဖြစ်သောကြောင့် ဝိုင်းဝန်းအကြံပြုပေးပါရန်နှင့်ခုလိုကြိုဆိုမှုအတွက်ကျေးဇူးတင်ကြောင်း” ပြောကြားခဲ့သည်ဟု သိရှိရပါသည်။Credict to Hkun Awng Nlam

## မိုးညှင်းလူငယ်သင်တန်း



မြစ်ကြီးနားသာသနာ၊ မိုးညှင်းဘုန်းတော်ကြီး တစ်ပိုင်လူငယ်များနွေရာသီသင်တန်းအမှတ်(၁၆)ကို ကချင်ပြည်နယ်၊ ဟိုပင်မြို့St.Maryဘုရားကျောင်းတွင် ဧပြီလ ၉ရက်မှ၁၉ရက်၂၀၁၆ထိပြုလုပ်ခဲ့ပါသည်။ ထိုသင်တန်းသို့ လူငယ် ၉၂ ဦးတက်ရောက်ခဲ့ကြောင်း၊ သင်တန်း၏ခေါင်းစဉ်မှာ "သင်၏ အသက်အရွယ်နုပျိုသည်ကို အဘယ်သူမျှမထီမဲ့မြင်မပြုစေနှင့်။" (၁ တိမော တေ ၄: ၁၂) ဖြစ်ကြောင်းသိရသည်။

ပြည်တွင်းစစ်နှင့်မူးယစ်ဆေးဝါးစိန်ခေါ်မှုများသောနေရာ၌ရှိနေသည့်လူငယ်မောင်မယ်များအတွက်"လက်ထပ်ထိန်းမြားခြင်းစက္ကရမင်တူးနှင့်မိသားစု” အကြောင်းကို Fr. Robert Lawawm နှင့် Bro. Awng Li မှ ပို့ချပြီး၊ လူငယ်များမီဒီယာနှင့်ပတ်သက်၍ သင့်လျော်သောနည်းဖြင့် ထိရောက်စွာအသုံးပြုနိုင်ရန် "လူငယ်နှင့်မီဒီယာ" အကြောင်းကို 7Days Media နှင့် Kachin WaveမှဆရာHtoi Awngက ဝေမျှပို့ချပေးသွားပါသည်။ "လူငယ်နှင့်ခေါင်းဆောင်မှု" ကို Bro.Paul Tu Ja Sj က ဝေမျှ ပို့ချခဲ့သည်။

လူ့အခွင့်အရေးနှင့် လူကုန်ကူးမှုအမြင်ဖွင့်ခြင်းကို Sr. Elizabeth Joseph RGS မှလည်းကောင်း၊ မူးယစ်ဆေးဝါးပြဿနာနှင့်ပတ်သက်၍ ဆရာ Brang Awng မှလည်းကောင်း၊ Leadership Management ကို Sr. Magdalena Sanda Win RGS မှလည်းကောင်း၊ "မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအတွက်လုပ်ဆောင်ချက်"ကို Sr. Goretti Lwin RGS မှလည်းကောင်း၊ "ကက်သလစ်အသင်းတော်၏ဝတ်ပြုကိုးကွယ်ခြင်း ဆိုင်ရာများကို Fr. Peter Tang Gun မှလည်းကောင်း၊ "ရိုးရာနှင့်ယဉ်ကျေးမှု" ကို ဆရာအောင်ဆန်းမှ လည်းကောင်း အသီးသီးပို့ချပေးခဲ့သည်။

သင်ခန်းစာတစ်ခုပြီးတိုင်းဎင်းသင်ခန်းစာ၏စိတ်ဝင်မှုကိုတိုင်းထွာနိုင်ရန် ညအစီအစဉ်များတွင် စကားရည်လုခြင်း၊ စကားအခြေအတင်ပြောခြင်း၊ သရုပ်ဖော်ပြဇာတ်များတင်ဆက်ခြင်းများအပြင် လူငယ်အချင်းချင်းချစ်ခင်ရင်းနှီးမှုရရှိရန် အလှမောင်မယ်ရွေးချယ်ခြင်း၊ စံပြမောင်မယ် ရွေးချယ်ခြင်းများလည်းပြုလုပ်ခဲ့ကြောင်း၊ လူငယ်သင်တန်းအတွင်းလုံခြုံရေးကို ဟိုပင်ဖခင်များနှင့် သာသနာ့အကျိုးဆောင်များကလည်းကောင်း၊ အစားအသောက်ချက်ပြုတ်ရေးကို ဟိုပင်မိခင်များက ကူညီခဲ့ကြောင်းသိရပါသည်။

(Sr. Elizabeth Joseph RGS)

## ကက်သလစ်သာသနာတော် ရောက်ရှိသည့် (၂၅)ပြည့် ငွေစင် ဂျူဘီလီ





၁၉၉၁ခုနှစ်တွင် Fr. Paul Lum Dau ဦးဆောင်၍ ဓမ္မဆရာ၊မများ၊ ဆက်ကပ်လူငယ်များနှင့်အတူ သာသနာနယ်လှည့်ရင်း ပန်ဂါဒေသသို့ ရောက်ရှိလာကြသည်။ ထိုနေရာတွင် ဓမ္မဆရာ၊မများကို သာသနာပြုရန်ထားခဲ့သည့် တစ်နှစ်အကြာဆက်ကပ်နေကြချိန်တွင် ယနေ့ NDAK(National Democratic Army Kachin) ခေါင်းဆောင်ကြီးဖြစ်သော ဦးဇခုန်တိန်းယိန်းက Abramhamဟုဆေးကြောခြင်းခံယူခဲ့ကာ ကက်သလစ်ဘာသာထဲသို့ရောက်ရှိလာခဲ့သည်။ NDAK အဖွဲ့ ထဲမှ လချိတ်၊ လော်ဝေါ်၊ ဇိုင်ဝါး၊ တရုတ်လူမျိုးတစ်ချို့သည်လည်း ဘာသာထဲသို့ တစ်ဖြည်းဖြည်းဝင်လာကြသည်။

၁၉၉၂ခုနှစ်တွင် စိန်ပေါလ်ဘုရားကျောင်းကို သစ်သားဖြင့် ဆောက်လုပ်နိုင်ခဲ့သည်။ ၂၀၀၈ခုနှစ် တွင် အချိန်ကာလကြာမြင့်ခြင်းကြောင့် ပျက်စီးနေသောသစ်သားဘုရားကျောင်းကိုဦးဇခုန်တိန်းယိန်းနှင့်ဒေါ်စီစီလျားရှုဂျမ်ခေါနာမ်တို့ကအုတ်ဘုရားကျောင်းအဖြစ်ဆောက်လုပ်လှူဒါန်းခဲ့ကြသည်။ ထိုဒေသတွင် သာသနာပြုရာ၌ဒေသဘာသာစကား တတ်ကျွမ်းသောရဟန်း၊ သီလရှင်၊ ဓမ္မဆရာများကြောင့်လွယ်ကူထိရောက်စေပါသည်။ ဘာသာတူဦးရေလည်းတစ်နေ့တစ်ခြားတိုးပွားလာကာ ယခုနှစ်တွင်(၂၅)နှစ်ဂျူဘီလီပွဲကျင်းပနိုင်ခြင်းဖြစ်သည်။

ထိုပွဲတော်တွင် ပထမကိုယ်တော်မြတ်ခံယူခြင်း၊ ခရစ္စမာအားပေးခြင်း ခံယူသူ(၆၇)ယောက် ရှိခဲ့ကြောင်း၊ သနားကြင်နာခြင်းဂျူဘီလီကောင်းကြီးပေးခြင်း၊ မြို့တွင်းသို့ ကိုယ်တော်မြတ် စီတန်းလှည့်လည်ခြင်းပြုခဲ့ကြောင်း၊ “တစ်ချိန်တုန်းက ဘာသာတရားလွတ်လပ်ခြင်းမရှိခဲ့ဘူး၊ စစ်ဘေး၊နယ်စပ်နိုင်ငံ၏လွှမ်းမိုးခြင်းခံရပေမယ့်လို့သာသနာပြုများ ချပေးခဲ့တဲ့ယုံကြည်ခြင်းမျိုးစေ့ကြောင့် မိမိတို့ရဲ့ ယုံကြည်ခြင်း ခိုင်မာစေသလို သာသနာရောက်ရှိခြင်း ၂၅ နှစ်ဂျူဘီလီပွဲတော် ကျင်းပနိုင်ပါပြီ” ဟု ဘာသာတူတစ်ဦးက သက်သေခံကြောင်းသိရှိရပါသည်။

(Sr. Easter Hkawn Bawk)

## နိုင်ငံတော်သမ္မတဦးထင်ကျော်၏ ပြည်ထောင်စုလွှတ်တော်တွင် ပြောကြားသော ပထမဆုံးမိန့်ခွန်း

**လွှတ်တော်နာယကကြီး၊ လွှတ်တော် ကိုယ်စားလှယ်များ၊ တက်ရောက်ကြ သော ဂုဏ်သရေရှိဧည့်သည် တော်များနဲ့ နိုင်ငံသူ နိုင်ငံသားများခင်ဗျား၊**

ဒီပြည်ထောင်စုလွှတ်တော်ကြီးက ကျွန်တော့်ကို နိုင်ငံတော်သမ္မတအဖြစ်ရွေးချယ်တင်မြှောက်ခံရတာဟာ အထင်ကရသမိုင်းဝင် ဖြစ်ရပ်ကြီးတစ်ခု ဖြစ်တဲ့အတွက် ကျွန်တော်များစွာ ဂုဏ်ယူဝမ်းမြောက်ကြောင်း ပြောကြားလိုပါတယ်။ နိုင်ငံတော်သမ္မတဖြစ်လာတာနဲ့ အညီ ကျွန်တော်ကပြည်ထောင်စုလွှတ်တော်ကိုတာဝန်ခံရမယ့် ပုဂ္ဂိုလ် ဖြစ်လာပါတယ်။

၂၀၁၅ခုနှစ်၊ နိုဝင်ဘာလ ရွေးကောက်ပွဲရလဒ်ကြောင့် ဖြစ်ထွန်းလာတဲ့ ဒုတိယအကြိမ်လွှတ်တော်နဲ့ အစိုးရအဖွဲ့များဟာ ဒေါ်အောင်ဆန်းစုကြည် ခေါင်းဆောင်တဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ မူဝါဒများနဲ့ ကိုက်ညီစွာဖွဲ့စည်းထားခြင်းဖြစ်ပါတယ်။

ယခုအစိုးရသစ်အနေဖြင့် အောက်ပါမူဝါဒများဖြစ်တဲ့ -



- အမျိုးသားရင်ကြားစေ့ရေး
- ပြည်တွင်းငြိမ်းချမ်းရေး
- ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုဖြစ်ပေါ်ရေးကို ရှေ့ရှုတဲ့ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ခု ပေါ်ပေါက်ရေး နဲ့
- ပြည်သူလူထုအများစုရဲ့လူနေမှုဘဝအဆင့်အတန်း တိုးတက်မြင့်မားရေးတို့ကို အကောင်အထည်ဖော်သွားမှာဖြစ်ပါတယ်။

**တက်ရောက်လာကြသောဂုဏ်သရေရှိဧည့်သည်တော်များနဲ့ နိုင်ငံသူနိုင်ငံသားများခင်ဗျား၊**

ဒီနေ့ဒီအချိန်မှာလေးနက်စွာတင်ပြလိုတဲ့အချက် တစ်ခုရှိပါတယ်။ ဒီအချက်ကတော့မကြာမီကပဲကျွန်တော်ဟာ နိုင်ငံတော်သမ္မတအဖြစ် ကတိသစ္စာပြုခဲ့ပြီးဖြစ်ပါတယ်။ အဲ့ဒီကတိသစ္စာကိုထိန်းသိမ်းစောင့်ရှောက်ရမယ့် တာဝန်ရှိကြောင်းကိုလည်း အစဉ်သတိချပ်နေမှာဖြစ်ပါတယ်။ ဒါ့အပြင် နိုင်ငံနဲ့သင့်တော်မယ့် ဒီမိုကရေစီစံချိန်စံညွှန်းများနဲ့ကိုက်ညီတဲ့ဖွဲ့စည်းပုံ အခြေခံဥပဒေ တစ်ရပ်ဖြစ်ပေါ်လာရေး တာဝန်ရှိပါတယ်။ နှစ်ရှည်လများ ပြည်သူလူထု လိုလားတောင့်တနေတဲ့ ဒီနိုင်ငံရေးရည်မှန်းချက် အကောင် အထည်ပေါ်လာရေးအတွက် စိတ်ရှည်သည်းခံပြီး ဆောင်ရွက်ရမှာကိုလည်း သိနားလည်ထားပါတယ်။

နိဂုံးချုပ်အားဖြင့် တင်ပြချင်တာကတော့ ယခုပေါ်ပေါက်လာတဲ့ပြည်ထောင်စုအစိုးရဟာ ပြည်သူလူထုရဲ့မျှော်လင့်ချက်များ၊ ဆန္ဒများပြည့်ဝစေရန် မမိုတ်မသုန်ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ကြောင်း အလေးအနက်ပြောကြားလိုခြင်းဖြစ်ပါတယ်။ နိုင်ငံသူနိုင်ငံသားအားလုံး ချမ်းမြေ့သာယာစွာနဲ့ မိမိတို့ဘဝလမ်းကြောင်းကို ဖြောင့်တန်းစွာ လျှောက်လှမ်းနိုင်ကြပါစေ။(မတ်လ၃၀၊၂၀၁၆)

## ၁၂ ကြိမ်မြောက် မန္တလေး သာသနာတစ်ခုလုံးဆိုင်ရာ လူငယ်ဘက်စုံမွမ်းမံသင်တန်း

၁၂ ကြိမ်မြောက် မန္တလေးသာသနာလုံးဆိုင်ရာ လူငယ်ဘက်စုံမွမ်းမံသင်တန်းကိုပြင်ဦးလွင်မြို့စိန့်အလွိုက်ရှက် အခြေခံရဟန်းဖြစ်သင်ကျောင်းတွင် "နိုင်ငံတော်နှင့် ဖြောင့်မတ်ခြင်းကို ဦးစွာရှာဖွေလော့" ရှင်မသဲ ၆-၃၃ဟူသောခေါင်းစဉ်ဖြင့်ဧပြီလ(၁၁-၁၈)အထိ ကျင်းပပြုလုပ်ခဲ့ပါသည်။



သင်တန်းသို့ မန္တလေးသာသနာအတွင်းရှိ အနယ်နယ်အရပ်ရပ်မှ သင်တန်းသား၊သူ(၅၀၀)ကျော်ပါဝင်တက်ရောက်ခဲ့ကြပါသည်။ သင်တန်းတွင်Fr.အောင်နိုင်ရွှေမှပြဿနာဆိုတာဘာလဲ။ပြဿနာကိုမည်ကဲ့သို့ဖြေရှင်းရန်လိုအပ်ကြောင်း၊ ထိုင်နေပါက ဘာမှဖြစ်လာမည်မဟုတ်ကြောင်း၊ တိုးတက်မှုရှိရန်လိုအပ်ကြောင်း၊ ပြင်းပြသောစိတ်ရှိရန်လိုကြောင်း၊ ဩတ္တပစိတ်ရှင်းရန်လိုအပ်ကြောင်း၊ အကျင့်သိက္ခာရှိသောအတွေးအခေါ် စသည့်လူငယ်နှင့်ခေါင်းဆောင်မှုအကြောင်းတို့ကိုသင်တန်းရက်အတွင်းအကျယ်တဝင့်ဟောပြောပို့ချခဲ့ပါသည်။

Fr.ဗညားမှလည်း ဗျာဒိတ်တော်ဖွင့်ဟခြင်းနှင့်

အောက်မေ့ရန်လိုကြောင်း၊ စသည့်လူငယ်နှင့်ဆုတောင်းမေတ္တာဆိုသည့်ခေါင်းစဉ်ဖြင့်သင်တန်းရက်တွင် ဟောပြော သွားပါသည်။

အခုလိုလူငယ်သင်တန်းများ တက်ရောက်ခဲ့ ခြင်းကြောင့် လူငယ်တစ်ယောက်အနေနဲ့နိုင်ငံတကာမှာ ရင်ပေါင်တန်းနိုင်ခဲ့တယ်ဟု စိန်ဖေးဗီးယားသာသနာအုပ်စုမှ မသီရိထွန်းက၂၀၁၅ ခုနှစ်၊ ဧပြီ(၁-၂၉)ထိ လုပ်ခဲ့တဲ့ South Asia Youth Leader Ship Program မှာ (Scholarship )ဝင်ဖြေပြီး ရွေးချယ်ခြင်းခံခဲ့ရပါတယ်။ ဒါဟာလူငယ်သင်တန်းမှာ ဘုန်းတော်ကြီးများရဲ့ ပို့ချချက်အားဖြင့် မိမိကိုယ်ကိုယုံကြည်မှုရှိလာခြင်း၊ အသိပညာ ဗဟုသုတများတိုးပွားလာခြင်းတွေဖြစ်ပါတယ်။

ဖာသာရ်ဗညားရဲ့Praise And Worship လုပ်တာက အရမ်းကိုအောင်မြင်တယ်၊ဝိညာဉ်တော်ဘုရားတကယ်ကိုဆင်းကြွတယ်။ဘာဖြစ်လို့လဲဆိုတော့သူတို့ရဲ့သက်သေခံချက်တွေအားဖြင့်လူငယ်တွေအရမ်းပြောင်းလဲသွားတာတွေ့ရတယ်။ဒါဟာသင်တန်းရဲ့အောင်မြင်မှုလို့ပြောလို့ရပါတယ်။ နောင်အနာဂါတ်သာသနာမှာ လူငယ်တွေအကောင်းဆုံး ပုံဖော်နိုင်မယ်လို့ယုံကြည်တယ်။ နောက်နှစ်တွေမှာလည်း လူငယ်သင်တန်းလုပ်နိုင်ဖို့ဆက်လက်ကြိုးစားသွားပါမည်ဟုပြောကြား ခဲ့ပါသည်။

သင်တန်းပြုလုပ်ရခြင်း၏ရည်ရွယ်ချက်သည် လူငယ်မောင်မယ်များသည် ဘာသာတရား၌ ပိုမိုသိရှိနားလည်ကာ လူသားအချင်းချင်း ကိုယ်ချင်းစာတရား

# ပြည်နယ်နှင့်တိုင်းဝန်ကြီးချုပ်များ

ရွေးကောက်ခံသမ္မတဦးထင်ကျော်ကအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်( NLD)မှ ပြည်နယ်နှင့် တိုင်းဒေသကြီးလွှတ်တော်အမတ် ၁၄ ဦးကို ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရဝန်ကြီးချုပ်များအဖြစ် သက်ဆိုင်ရာလွှတ်တော်များသို့ တင်သွင်းပြီးအတည်ပြုခန့်အပ်လိုက်ပြီဖြစ်သည်။ ပြည်နယ်နှင့်တိုင်းဒေသကြီးဝန်ကြီးချုပ် ၁၄ ဦး၏ ကိုယ်ရေးရာဇဝင်များကို စုစည်းဖော်ပြ လိုက်ပါသည်။

## ကချင်ပြည်နယ်ဝန်ကြီးချုပ်ဒေါက်တာခက်အောင်



ကချင်ပြည်နယ် ဝန်ကြီးချုပ်အဖြစ် ရွေးချယ်ခံထားရသူ ဒေါက်တာခက်အောင်သည် အသက်၆၉ နှစ်ရှိပြီဖြစ်ပြီး အဘဦးခက်လ နှင့် အမိဒေါ်အင်လမ်းပရီ ၏သားဦးဖြစ်သည်။ ဒေါက်တာခက်အောင် သည် ကချင်လူမျိုး၊ ခရစ်ယာန်ဘာသာဝင်တစ်ဦးဖြစ်ကာခံတွင်း နှင့်သွားဘက်ဆိုင်ရာ ဆရာဝန်တစ်ဦးအဖြစ် လုပ်ကိုင်ခဲ့သူဖြစ်သည်။

သူသည် ပြင်ဦးလွင်မြို့၊ ကွတ်ခိုင်၊ ဗန်းမော်၊ တောင်ငူ၊ မြစ်ကြီးနားမြို့ များတွင် အခြေခံပညာသင်ကြား ခဲ့ပြီး ၁၉၆၆ ခုနှစ်တွင် မြစ်ကြီးနားမြို့၊ အ.ထ.က (၁) မှ တက္ကသိုလ်ဝင် အထက်တန်း စာမေးပွဲကိုဓာတုဗေဒဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သူဖြစ်သည်။ ထို့နောက် ၁၉၇၂ခုနှစ်တွင် ရန်ကုန်မြို့သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်မှ B.D.S ဘွဲ့ကိုရရှိခဲ့သလို ၁၉၆၆ခုနှစ်ဇန်နဝါရီလတွင် ရန်ကုန်မြို့၌ ကျင်းပသော ပထမအကြိမ် တိုင်းနှင့်ပြည်နယ် စက်ဘီးစီးပြိုင်ပွဲတွင် ကချင်ပြည်နယ် ကိုယ်စားပြုယှဉ်ပြိုင်ခဲ့ရာ ရွှေတံဆိပ်တစ်ခု၊ ငွေတံဆိပ်တစ်ခု၊ ကြေးတံဆိပ်တစ်ခု ဆွတ်ခူးရရှိပြီး တတိယဒိုင်းဆုရရှိကာ ကချင်ပြည်နယ်၏ဂုဏ်ဆောင်နိုင်ခဲ့သည် ဟုသိရသည်။

ဒေါက်တာအိပ်ချ်မွန်းအောန် အမည်ရှိသမီး နှစ်ဦး နှင့် ဒေါက်တာအိပ်ချ်အောင်မိုင် နှင့် ဦးအိပ်ချ် ထွယ်ဆပ်အောင်အမည်ရှိသားနှစ်ဦးထွန်းကားခဲ့သည်။ဇနီးဖြစ်သူ ဒေါက်တာဂျေကော့ဘူနှင့်အတူ မြောင်းမြမြို့၊ လပွတ္တာမြို့နှင့် ပေါင်းတလည်မြို့များတွင် ကိုယ်ပိုင်ဆေးခန်းဖွင့်ကာအသက်မွေးဝမ်းကြောင်း ပြုခဲ့သည်။ထို့နောက် ၁၉၇၅ မှ ၁၉၉၃ ခုနှစ်အတွင်း မန္တလေး၊ ရန်ကုန်၊ မြစ်ကြီးနား နှင့်ဗန်းမော်မြို့များတွင်ရှိသည့် ပြည်သူ့ဆေးရုံ၊ ဒေသန္တရကျန်းမာရေး ကျောင်းကျန်းမာရေးဌာနများတွင် တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၉၃ ခုနှစ်ဩဂုတ် ၁၆ ရက်တွင် ကျန်းမာရေးဝန်ကြီးဌာန မှ နုတ်ထွက်ခွင့် ရရှိခဲ့သည်ဟုသိရသည်။ ၁၉၉၄ ခုနှစ်မှ ၂၀၁၁ ခုနှစ်အတွင်းဆိုင်းဘွမ်းကုမ္ပဏီ၏ ဒါရိုက်တာတစ်ဦးအနေဖြင့် ထိုင်း၊ ဟောင်ကောင်၊ တရုတ်ပြည်များသို့ သွားရောက်ကာ ကုမ္ပဏီလုပ်ငန်းများ လုပ်ဆောင် ခဲ့သူဖြစ်သည်။ လက်ရှိတွင် ဒေါက်တာခက်အောင်သည် အမှတ် ၅၉ စီ၊ ဆမားလမ်း၊ ရောရပ်ကွက်၊ မြစ်ကြီးနားမြို့တွင် နေထိုင်လျက်ရှိသည် ဟုသိရသည်။ (ဓာတ်ပုံ-Kantarawaddy Times)

## ကယားပြည်နယ်ဝန်ကြီးချုပ်ဦးအယ်လ်ဖေါင်းရှို



ကယားပြည်နယ်ဝန်ကြီးချုပ်ဦးအယ်လ်ဖောင်းရှိုမှာB.Edပညာရေးဘွဲ့ကိုရရှိထားသူဖြစ်ပြီးမယ်စဲ့မြို့နယ်တွင်လက်ထောက်ပညာရေးမှူးမှ ပညာရေးမှူးအထိအဆင့်ဆင့် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။ သူသည် ၂၀၁၅ခုနှစ် ဇွန်လ တွင် မြို့နယ် ပညာရေးမှူးအဖြစ်မှ နုတ်ထွက်ကာ NLD ပါတီသို့ ဝင်ရောက်ခဲ့ပြီး ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲကို မယ်စဲ့မြို့နယ် ပြည်နယ်လွှတ်တော်မဲဆန္ဒနယ်အမှတ်(၂)မှဝင်ရောက်ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်ဟုသိရသည်။ သူ၏ဇနီးဖြစ်သူမှာမယ်စဲ့မြို့နယ် အခြေခံပညာအထက်တန်းကျောင်းမှ အလယ်တန်းပြဆရာမဒေါ်မြင့်မြင့်မော်ဖြစ်ပြီး သား(၂)ဦးထွန်းကားခဲ့သည်။ လက်ရှိတွင် မိသားစုနှင့်အတူ ကယားပြည်နယ်၊ မယ်စဲ့မြို့နယ် တောင်ပိုင်းရပ်ကွက်တွင် နေထိုင်လျက်ရှိသည်။ ဓာတ်ပုံ – ရောဝတီ

## ကရင်ပြည်နယ်ဝန်ကြီးချုပ်ဒေါ် နန်းခင်ထွေးမြင့်



ဒေါ် နန်းခင်ထွေးမြင့်သည် ကရင်ပြည်နယ် ဝန်ကြီးဟောင်းဒေါက်တာစောလှထွန်း ၏ သမီးတစ်ဦးဖြစ်သည်။ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဖြစ်လာသည့် ဒေါ် နန်းခင်ထွေးမြင့် သည် ၁၉၇၅ ခုနှစ် တွင် ရန်ကုန်စီးပွား ရေးတက္ကသိုလ်တွင် ဒုတိယနှစ်အထိပညာ သင်ကြားခဲ့သူဖြစ်သည်။ ထိုသို့ပညာ သင်ကြားနေချိန်အတွင်း ကျောင်းသားလှုပ်ရှားမှု အတွင်းပါဝင်သည်ဟုဆိုကာ ထောင်ဒဏ်ချမှတ်ခံရပြီး ၁၉၇၈ ခုနှစ်တွင် ပြန်လည် လွတ်မြောက်ခဲ့သည်။

ဒေါ် နန်းခင်ထွေးမြင့်သည် ၁၉၈၈ ခုနှစ် နောက်ပိုင်းတွင် NLD ပါတီသို့ ဝင်ရောက်ခဲ့ပြီး ၁၉၉၀ ပြည့်နှစ်ရွေးကောက်ပွဲတွင်ကရင်ပြည်နယ်ဘားအံမြို့နယ် မဲဆန္ဒနယ်အမှတ် အမှတ် (၃) တွင်ဝင်ပြိုင်ကာ ပြည်သူ့ လွှတ်တော် ကိုယ်စားလှယ်အဖြစ်အနိုင်ရခဲ့သည်။ ၁၉၉၈ခုနှစ်တွင်(၅၁)နှစ်မြောက်ပြည်ထောင်စုနေ့ ကျင်းပရာတွင်ပါဝင်သဖြင့် ဒုတိယအကြိမ် ထောင်ကျခဲ့သည်။

သူမသည် ၂၀၀၈ ဖွဲ့စည်းအခြေခံဥပဒေကို ဆန့်ကျင်သည့်အနေဖြင့်၂၀၁၀ရွေးကောက်ပွဲတွင်ဝင်ရောက်မယှဉ်ပြိုင်ဘဲ သပိတ်မှောက်ခဲ့သည်ဟုသိရသည်။ ထို့နောက်၂၀၁၂ကြားဖြတ်ရွေးကောက်ပွဲတွင် ကရင်ပြည်နယ်မှ ဝင်ရောက်ယှဉ်ပြိုင်ကာ အနိုင်ရခဲ့သူဖြစ်သည်။ လက်ရှိတွင် NLD ပါတီ၏ ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ကရင်ပြည်နယ် NLD ပါတီဥက္ကဋ္ဌအဖြစ် တာဝန်ယူထားသူ ဖြစ်သည်။ ဒေါ် နန်းခင်ထွေးမြင့်သည် ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲတွင် ကရင်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်အဖြစ် အနိုင်ရခဲ့ကာ ကရင်ပြည်နယ် ဝန်ကြီးချုပ် ဖြစ်လာခဲ့သည်ဟု သိရသည်။ ဓာတ်ပုံ- Chin World



## ချင်းပြည်နယ် ဝန်ကြီးချုပ် ဦးဆလိုင်လျန်လွှယ်

ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွှယ်သည် ချင်းပြည်နယ်၊ဖလမ်းမြို့နယ်အိုင်ရီဘွယ်ရွာ ဇာတိဖြစ်သည်။ ရန်ကုန်တက္ကသိုလ်မှ ဥပဒေပညာဘွဲ့နှင့် ဘွဲ့လွန်ပညာရေးအဖြစ် ဘာသာရေးဘွဲ့ BRE တို့ကိုရရှိခဲ့သူဖြစ်သည်။ သူသည် တက္ကသိုလ်ကျောင်းသားဘဝတွင် ဆလိုင်း-မိုင် လှုပ်ရှားမှုကဲ့သို့သော ချင်းကျောင်းသားလှုပ်ရှားမှုများတွင် ဆလိုင်းရမ်လိန်မှုန်း၊ ဆလိုင်းကစ်ပ်ခိုလျန်တို့နှင့်အတူ တက်ကြွစွာပါဝင်လှုပ်ရှားခဲ့သူဖြစ်သည်။ ဥပဒေပိုင်းဆိုင်ရာ အစိုးရအမှုထမ်းအဖြစ် ရန်ကုန်မြို့ဗဟိုဥပဒေရုံး ကလေး၊ ဖလမ်း၊ မင်းတပ်၊ မတူပီ၊ မန္တလေး၊အမရပူရနှင့် စဥ့်ကိုင်မြို့တို့တွင် ထမ်းဆောင်ခဲ့ဖူးပြီး တမူးခရိုင်ဥပဒေအရာရှိအဖြစ် ထမ်းဆောင်ခဲ့သူဖြစ်သည်။ ၂၀၁၅ခုနှစ် ရွေးကောက်ပွဲတွင် NLD ပါတီ မှ ဖလမ်းမြို့နယ် ပြည်နယ်လွှတ်တော်အမှတ် ၂ တွင် ဝင်ရောက် အရွေးချယ်ခံပြီး အနိုင်ရရှိခဲ့သူဖြစ်သည်။





## မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးမင်းမင်းဦး



ဦးမင်းမင်းဦးသည် ၁၉၇၀ ခုနှစ် ဩဂုတ် ၉ ရက်တွင် မွေးဖွားခဲ့ပြီး အသက် ၄၆ နှစ်ရှိပြီဖြစ်သည်။ မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးမင်းမင်းဦးသည် ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲတွင် ဘီးလင်းမဲဆန္ဒနယ် အမှတ် ၂ မှ အနိုင်ရရှိထားသော ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဖြစ်သည်။ မွန်ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌအဖြစ် ရွေးချယ်တင်မြှောက် ခံထားရသူလည်း ဖြစ်သည်။

ရန်ကုန်စက်မှုတက္ကသိုလ်မှ အီလက်ထရွန်းနစ်အင်ဂျင်နီယာဘွဲ့ရ တစ်ဦးဖြစ်ကာ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများအဖြစ် ရာဘာခြံလုပ်ငန်း၊ မန့်တီလုပ်ငန်း နှင့် မိုဘိုင်းလ်ဖုန်း အရောင်းဆိုင် လုပ်ငန်းများလုပ်ကိုင် လျက်ရှိသည်။ သူသည် ၁၉၈၈ခုနှစ် ဒီမိုကရေစီအရေးလှုပ်ရှားမှုတွင် ကျောင်းသားခေါင်းဆောင်တစ်ဦးအဖြစ် ပါဝင်ခဲ့ပြီး လက်ရှိတွင် ဘီးလင်းမြို့နယ် NLD ပါတီ၏ ဒုတိယဥက္ကဋ္ဌ အဖြစ် ဆောင်ရွက်နေသူ ဖြစ်သည်။ ဓာတ်ပုံ – ဧရာဝတီ

## ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးညီပု



ဦးညီပုသည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် စတင်တည်ထောင်ကတည်းကပါဝင်ခဲ့ပြီး NLDဗဟို အလုပ်အမှုဆောင်တစ်ဦး ဖြစ်သည်။ ဦးညီပုသည် နိုင်ငံရေးလှုပ်ရှားမှုဖြင့် ထောင်ဒဏ် ၁၀ နှစ် ချမှတ် ခံခဲ့ရပြီးနောက် ၂၀၁၂ ခုနှစ်တွင် ပြန်လည် လွတ်မြောက်လာခဲ့သည်။ အခက်အခဲများကြားမှ စားဝတ်နေရေး ခက်ခဲစွာရှန်းကန်ရင်း NLD တွင် နိုင်ငံရေးတာဝန်ထမ်းဆောင်ခဲ့သည်။

ထို့နောက် ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲတွင် ရခိုင်ပြည်နယ် ဂွမြို့နယ် မဲဆန္ဒနယ် ကိုယ်စားလှယ်အဖြစ် ဝင်ရောက်ယှဉ်ပြိုင်ကာအနိုင်ရခဲ့သူဖြစ်သည်။ ရခိုင်ပြည်နယ်လွှတ်တော်တွင်ဝန်ကြီးချုပ်အဖြစ် ခန့်အပ်ရန်အဆိုပြုချိန်တွင် ရခိုင်အမျိုးသားပါတီမှ ပြည်နယ်လွှတ်တော်များ လွှတ်တော်ထဲမှာထွက်ခွာဆန္ဒပြခြင်းကို ကြုံတွေ့ရသူလည်းဖြစ်သည်။

## ရှမ်းပြည်နယ်ဝန်ကြီးချုပ်ဒေါက်တာလင်းထွဋ်



ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်သည် ၁၉၆၀ ခုနှစ် ဇန်နဝါရီလ ၂၀ ရက်နေ့တွင် မွေးဖွားသူဖြစ်ပြီး အသက် ၅၆ နှစ်ရှိနေပြီဖြစ်သည်။ ဒေါက်တာလင်းထွဋ်သည် ၁၉၇၉ ခုနှစ်တွင် ဒေသကောလိပ်မှ စိုက်ပျိုးရေးလုပ်ငန်း အတတ်ပညာဒီပလိုမာ ရရှိခဲ့ပြီး ၁၉၈၄ ခုနှစ်တွင် သွားဘက်ဆိုင်ရာ ဆေးပညာဘွဲ့ကိုရရှိခဲ့သူဖြစ်သည်။ ၁၉၈၈ ခုနှစ်မှစတင်ကာ ရှမ်းပြည်နယ်မြောက်ပိုင်း ကွတ်ခိုင်မြို့နယ် ပြည်သူ့ဆေးရုံတွင် တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၉၄ မှ ၂၀၀၆ ခုနှစ်အထိလားရှိုးမြို့ပြည်နယ်ဆေးရုံကြီးတွင် တာဝန်ထမ်းဆောင်ခဲ့ကာ မန္တလေး၊ လားရှိုးမြို့တို့တွင် မူးယစ်ဆေးနှင့် ကူးစက်တတ်သော AIDS ရောဂါလျော့ချရေး စီမံချက်အရာရှိအဖြစ် ဆောင်ရွက်ခဲ့သည်။

သူသည် လူမှုကူညီရေးအသင်းများဖွဲ့စည်းဆောင်ရွက်လျက်ရှိပြီး တက္ကသိုလ်ပေါင်းစုံအငြိမ့်အဖွဲ့တွင်လူရွှင်တော်ပလာယာအဖြစ်နာမည်ကြီးသူဖြစ်ကာ ၂၀၁၅ ရွေးကောက်ပွဲတွင် လားရှိုးမြို့နယ် မဲဆန္ဒနယ်မှ အနိုင်ရရှိခဲ့သူ ဖြစ်သည်။ ပရဟိတလုပ်ငန်းများစွာတွင်လည်း ပါဝင် ဆောင်ရွက်နေသူဖြစ်ပြီး ရှမ်းပြည်နယ် လွှတ်တော် အမတ် အဖြစ် ၂၀၁၅ ရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့သည်။ ဓာတ်ပုံ – ဧရာဝတီ

## ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးဖြိုးမင်းသိန်း



ဦးဖြိုးမင်းသိန်းကို ၁၉၆၉ ခုနှစ်၊ ဧပြီလ(၁၃)ရက်နေ့တွင် မွေးဖွားခဲ့ပြီး အသက်(၄၇)နှစ်ရှိနေပြီ ဖြစ်သည်။ ဦးဖြိုးမင်းသိန်းသည် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် NLD ပါတီ၏ လှည်းကူးမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)မှ အနိုင်ရရှိခဲ့သူဖြစ်သည်။ သူသည် ရန်ကုန်တက္ကသိုလ်မှရူပဗေဒဘာသာရပ်ကို ဒုတိယနှစ်အထိ သင်ကြားခဲ့ပြီး ၁၉၈၈-၈၉ခုနှစ်တွင် ဟံသာဝတီခရိုင် ကျောင်းသားသမဂ္ဂဥက္ကဋ္ဌ တာဝန်ယူခဲ့ကာ သန်လျင်မြို့လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီကို ဖွဲ့စည်းခဲ့သည်။ ၁၉၉၀ခုနှစ်တွင် မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများပြန်လည်စုစည်းရေးကို တာဝန်ယူခဲ့ပြီး All Burma Student Federation Unions (ABSFU) ၏ အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ခဲ့သည်။ ထို့နောက် ၁၉၉၁ခုနှစ်တွင်စစ်အစိုးရ၏ ဖမ်းဆီးခြင်းခံခဲ့ရကာ ၂၀၀၅ ခုနှစ်တွင်မြောင်းမြထောင်မှပြန်လည်လွတ်မြောက်လာသူဖြစ်သည်။ ၂၀၁၀ တွင်ပြည်ထောင်စု ဒီမိုကရေစီပါတီကို ဥက္ကဋ္ဌအဖြစ် ထူထောင်ရာတွင် ပါဝင်ခဲ့သော်လည်း နောက်ပိုင်းတွင် ၂၀၁၀ ရွေးကောက်ပွဲကို သပိတ်မှောက်ပြီးပါတီမှ လည်းနှုတ်ထွက်ခဲ့သည်။ ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲတွင် NLD ပါတီ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် လှည်းကူးမြို့နယ် မှ အနိုင်ရရှိ ခဲ့ကာ လွှတ်တော်ဘဏ်များနှင့် ငွေကြေး ဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီတွင် အဖွဲ့ဝင်အဖြစ် တာဝန် ထမ်းဆောင်ခဲ့သည်။ ဓာတ်ပုံ – ဧရာဝတီ

## ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်မန်းဂျော်နီ



ကရင်တိုင်းရင်းသား ဧရာဝတီတိုင်းဝန်ကြီးချုပ် မန်းဂျော်နီကို ၁၉၄၂ ခုနှစ်တွင် ကန်ကြီးထောင့်မြို့နယ်၊ ဆင်ဂေါင်းကြီးကျေးရွာ၌ အဖဦးကျော်ဦး နှင့် အမိဒေါ် စီစီလျားတို့ကမွေးဖွားခဲ့သည်။ အသက် (၇၄)နှစ်အရွယ်ရှိပြီဖြစ်သည့် ခရစ်ယာန် ဘာသာဝင်မန်းဂျော်နီမှာရန်ကုန်တက္ကသိုလ်မှဘီအေဘွဲ့နှင့် ရန်ကုန်ပညာရေးတက္ကသိုလ်မှ Dip.Ed. ပညာရေးဘွဲ့ ရရှိ ထားသူဖြစ်သည်။ သူသည် အခြေခံပညာအလယ်တန်းနှင့် အထက်တန်းပြကျောင်းဆရာ ဘဝဖြင့်နှစ်ပေါင်းများစွာ ဖြတ်သန်းခဲ့ကာ လက်ထောက်မြို့နယ် ပညာရေးမှူးအဆင့်အထိတာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။နိုင်ငံရေးဖြတ်သန်းမှု အနေဖြင့် ၁၉၈၉ခုနှစ်မှ စတင်၍ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပါတီသို့ဝင်ရောက်ခဲ့ပြီးပါတီမှနုတ်ထွက်ရန် စစ်အစိုးရ၏ဖိအားပေးခဲ့မှုကိုငြင်းဆန်သည့်အတွက် အကြိမ်ကြိမ် ဖမ်းဆီးထောင်ချခြင်းခံခဲ့ရသူဖြစ်သည်။ ၁၉၉၀ ခုနှစ်တွင်NLDပါတီ၏ ကျုံပျော်မြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် လည်း ကောင်း၊ ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲတွင်မြောင်းမြမြို့နယ်၊ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အဖြစ် လည်းကောင်း၊ ၂၀၁၅ခုနှစ်ရွေးကောက်ပွဲတွင်ကျုံပျော်မြို့နယ်၊တိုင်းဒေသကြီးအမတ်(၂)ကိုယ်စားလှယ်အဖြစ်လည်းကောင်း ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသူဖြစ်သည်။

## စစ်ကိုင်းတိုင်းဝန်ကြီးချုပ်ဒေါက်တာမြင့်နိုင်



စစ်ကိုင်းတိုင်းဝန်ကြီးချုပ်ဒေါက်တာမြင့်နိုင်သည် ၁၉၉၀ ခုနှစ်ကာလရွေးကောက်ပွဲတွင်NLDပါတီဝင်အဖြစ် ကန့်ဘလူမဲဆန္ဒနယ်မှအနိုင်ရခဲ့သူကိုယ်စားလှယ်ဖြစ်သည်။ အသက်၆၅ နှစ်အရွယ်ရှိ ဒေါက်တာမြင့်နိုင်သည် မြန်မာလူမျိုး၊ ဗုဒ္ဓဘာသာဝင်ဖြစ်ပြီးရွှေဘိုမြို့ဇာတိဖြစ်သည်။ဇနီးဖြစ်သူမှာဒေါ်တင့်တင့်ဖြစ်ပြီး သားသမီး ၃ဦးရှိသည်ဟုသိရသည်။ သူသည် ၁၉၈၁ ခုနှစ် တွင် မန္တလေး ဆေးတက္ကသိုလ်မှM.B.B.Sဘွဲ့ကိုရရှိခဲ့သော်လည်းစစ်အစိုးရ၏ ဖမ်းဆီးထောင်ချခြင်းနှင့်ဆမလက်မှတ်သိမ်းဆည်းခံခဲ့ရသည်။ ထို့သို့ဆမလက်မှတ်သိမ်းဆည်း ခံခဲ့ရပြီးနောက် ထီလက်မှတ်များရောင်း ချခြင်းဖြင့် အသက်မွေးဝမ်းကြောင်းပြုခဲ့ သည်။ သူရောင်းချသည့် ထီလက်မှတ်များကို မဝယ်ကြသဖြင့်ဆေးခန်းများ၊ဆေးရုံများရှေ့တွင်ကလေးကစားစရာ ပူပေါင်းများရောင်းခဲ့သည်။ သူသည် ၁၉၉၀ခုနှစ်ရွေးကောက်ပွဲတွင်လွှတ်တော်ကိုယ်စားလှယ်အဖြစ်လည်းကောင်း၊ ၂၀၁၂ခုနှစ်ကြားဖြတ်ရွေးကောက်ပွဲတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အဖြစ်လည်းကောင်း၊၂၀၁၅ခုနှစ်ရွေးကောက်ပွဲတွင် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်အဖြစ်လည်းကောင်း ဝင်ရောက်ယှဉ်ပြိုင်အနိုင်ရခဲ့သည်ဟုသိရသည်။သူသည်အမျိုးသားလွှတ်တော် အာဆီယံနိုင်ငံရေးနှင့်လုံခြုံရေး အသိုက်အဝန်းဆိုင်ရာကော်မတီနှင့်တောင်သူလယ်သမားရေးရာကော်မတီအဖွဲ့ဝင်အဖြစ်လည်းပါဝင် လုပ် ဆောင်လျက်ရှိသည်။



တနင်္သာရီတိုင်း ဒေသကြီးဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော် သည် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် သရက်ချောင်းမဲဆန္ဒနယ် အမှတ် (၁)မှ အနိုင်ရရှိခဲ့သူဖြစ်သည်။

## တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ်ဒေါက်တာလဲ့လဲ့မော်

မိဘနှစ်ပါးမှာ တပ်မတော်(ရေ) အငြိမ်းစား ဦးမောင်မောင်နှင့် အထက်တန်းပြဆရာမ(အငြိမ်းစား) ဒေါ်ယဉ်ကြည်ဖြစ်သည်။သူသည် အသက်(၅၀) နှစ်ရှိပြီဖြစ်ပြီး ပညာအရည်အချင်းအားဖြင့် M.B.B.S (RGN) ဘွဲ့ရရှိထား ကာ မြန်မာလူမျိုး ခရစ်ယာန်ဘာသာဝင်ဖြစ်သည်။

ခင်ပွန်းဖြစ်သူမှာ ဦးထွန်းမင်း ဖြစ်ပြီးရော်ဘာ သယ်ယူပို့ဆောင်ရေးယာဉ်လုပ်ငန်းလုပ်ကိုင်သူဖြစ်၍သားသမီး(၄) ဦးရှိသူဖြစ်သည်။ သားသမီးများ မှာ မောင်သန့်ခင်မောင်၊ ဒေါက်တာကြည်မြတ်မော်(နေပြည်တော် ကုတင် ၁၀၀၀ လက်ထောက်ဆရာဝန်)၊မောင်သန့်ထွေးမော်(တက္ကသိုလ်ကျောင်းသား)နှင့်မရွှန်းလဲ့ရည်မင်း(ကျောင်းသူ)တို့ဖြစ်သည်။ ဒေါက်တာလဲ့လဲ့မော်သည်သူငယ်တန်းမှ စတုတ္ထတန်းအထိရန်ကုန်မြို့တောင်ဥက္ကလာပမြို့နယ်၊ အမက ၉တွင်လည်းကောင်း၊ ၅ တန်းမှ ၁၀ တန်း အထိ တာမွေ မြို့နယ် အထက ၃ တွင် လည်းကောင်း တက်ရောက်ခဲ့သည်။ထို့နောက် ရန်ကုန်ဆေးတက္ကသိုလ် ၁ တွင် ပညာဆည်းပူးခဲ့ကာ အရှေ့ပိုင်းဆေးရုံကျန်းမာရေး ဌာနတွင် လက်ထောက်ဆရာဝန်အဖြစ် ၁၉၉၂ခုနှစ်မှ ၁၉၉၇ခုနှစ်အထိလည်းကောင်း၊ သရက်ချောင်းပြည်သူ့ဆေးရုံတွင် ၁၉၉၈ခုနှစ်မှ ၂၀၀၁ခုနှစ်အထိလည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။ ၂၀၁၂ ခုနှစ်တွင် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီသို့ ဝင်ရောက်ခဲ့ပြီးသရက်ချောင်းမြို့နယ်နှင့် ထားဝယ်ခရိုင်ရှိဒေသအချို့တွင် ပါတီနှင့်တွဲဖက်ကာ အခမဲ့ကျန်းမာရေးဝန်ဆောင်မှုပေးခဲ့သည်ဟုသိရသည်။

## ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးဝင်းသိန်း



ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးဝင်းသိန်းသည် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီပါတီ၏ရေတာရှည်မြို့နယ်တိုင်းဒေသကြီးလွှတ်တော် မဲဆန္ဒနယ် အမှတ်(၂)မှဝင်ရောက်ယှဉ်ပြိုင် အနိုင်ရခဲ့သူဖြစ်သည်။မြန်မာလူမျိုး ဗုဒ္ဓဘာသာဝင် ဖြစ်ပြီးအသက် ၅၂ နှစ် အရွယ်ရှိဦးဝင်းသိန်းသည် ပညာအရည်အချင်းအားဖြင့် B.E (Mechanical) နှင့် A.G.T.I(Machine Tools)ဖြင့်ဘွဲ့ရရှိထားသူဖြစ်သည်။ အသက်မွေးဝမ်းကျောင်းလုပ်ငန်းအားဖြင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်နေသူဖြစ်ပြီး မိဘနှစ်ပါးဖြစ်သည့် ဦးစိုနှင့် ဒေါ်သန်းကျင်တို့မှာလည်း တောင်သူလုပ်ငန်းများလုပ်ကိုင်ကြသည်။ ဇနီးဖြစ်သူမှာ ဒေါ်စန်းစန်းမော်ဖြစ်ပြီး မောင်ဆက်ဝင်းမာန် အမည်ရှိသားတစ်ဦးရှိသည်။ သူသည်အမှတ်၂၆၊ စိုင်တမော့ကြီးကျေးရွာ၊ ရေတာရှည်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီးတွင် နေထိုင်လျက်ရှိသည် ဟုသိရသည်။



## မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဒေါက်တာအောင်မိုးညို

မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုမှာ ၁၉၈၂ခုနှစ်တွင် ဆေးတက္ကသိုလ် (၁) ရန်ကုန်မှ ဆရာဝန်ဘွဲ့ရရှိခဲ့သူဖြစ်သည်။ သူသည်ကိုယ်ပိုင်ဆေးခန်းဖွင့်လှစ်ခဲ့ပြီး ၁၉၉၀ ရွေးကောက်ပွဲတွင် ပွင့်ဖြူမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ အနိုင်ရရှိခဲ့သည် ဟုသိရသည်။ နိုင်ငံရေးလှုပ်ရှားမှုဖြင့် ၁၉၉၈ခုနှစ်တွင် ဖမ်းဆီးခံခဲ့ရပြီး ၂၀၀၁ခုနှစ်တွင် ထောင်မှ ပြန်လည်လွတ်မြောက်ခဲ့သည်။ ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲတွင် ပွင့်ဖြူမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ထပ်မံအနိုင် ရရှိခဲ့သည်။ ထို့နောက် ၂၀၁၅ခုနှစ် ရွေးကောက်ပွဲတွင် မကွေးတိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်အဖြစ် ဝင်ရောက်ယှဉ်ပြိုင်ကာ အနိုင်ရရှိထားသူဖြစ်ခဲ့ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဖြစ်လာခဲ့သည်။

## မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဒေါက်တာဇော်မြင့်မောင်



မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်သည်ဆရာဝန်တစ်ဦးဖြစ်ပြီး မန္တလေး ဆေးတက္ကသိုလ်တွင် ဇီဝဓာတုဘာသာရပ်သရုပ်ပြ ဆရာတစ်ဦးအဖြစ် တာဝန်ထမ်းဆောင် ရစ်လေးလုံး အရေးတော်ပုံတွင် တက်တက်ကြွကြွ ပါဝင်ခဲ့သူ ဖြစ်သည်။ သူသည် ၁၉၉၀ ခုနှစ် ရွေးကောက် ပွဲ တွင် အမရပူရ မြို့နယ် ကိုယ်စားပြု ကိုယ်စားလှယ် အဖြစ်အနိုင်ရရှိခဲ့သည်။ ထိုစဉ်ကစစ်အစိုးရ၏လွှတ်တော်ခေါ်ပေးရန် ပျက်ကွက်မှုများကြောင့် နိုင်ငံရေးတင်းမာမှုများရှိလာခဲ့ရာနိုင်ငံရေး လှုပ်ရှားသူ ဒေါက်တာဇော်မြင့်မောင်ကို စင်ပြိုင်အစိုးရတည်ထောင်သည် ဟု စစ်အစိုးရက စွပ်စွဲသည်အတွက် အင်းစိန် စစ်ခုံရုံးတွင်တရားစွဲဆို ခံရကာထောင်ဒဏ်၂၅နှစ်ချမှတ်ခံခဲ့ရသူဖြစ်သည်။ ထို့နောက်၂၀၀၉ ခုနှစ်တွင် ထောင်မှပြန်လွတ်လာခဲ့ကာ ၂၀၁၂ကြားဖြတ်ရွေးကောက် ပွဲတွင် NLD ပါတီဝင် ကျောက်ပန်းတောင်းမြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် အနိုင်ရခဲ့သည်။ သူသည် လွှတ်တော်တွင်း တရားဥပဒေစိုးမိုးရေးနှင့်တည်ငြိမ်အေးချမ်းရေးကော်မတီဝင်အဖြစ် ဆောင်ရွက်ခဲ့သည်။

၂၀၁၅ ရွေးကောက်ပွဲတွင် မန္တလေးတိုင်းဒေသကြီးကိုယ်စားလှယ်အဖြစ်အနိုင်ရခဲ့ရာမှမန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်အဖြစ် အမည်စာရင်းတင်သွင်းခံခဲ့ရကြောင်းသိရသည်။သူသည်NLDပါတီကိုယ်စားလှယ်အဖြစ် ရွေးကောက်ပွဲတွင် သုံးထပ်ကွမ်းအနိုင်ရထားသူဖြစ်ပြီး လက်ရှိတွင် NLD ပါတီဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်နှင့် ပူးတွဲကာ ပါတီပြောရေးဆိုခွင့် ရှိသူအဖြစ် တာဝန်ပေးအပ်ခံထားရသူဖြစ်သည်။



Studio Trinità ဂီတ မိတ်ဆက်ပွဲ



Fr. စတန်းနစ်၏ နှစ် ၅၀ .. စာ(၉)



ဆက်ကပ်သူတော်စင်များ .. စာ(၁၀)



နာဂတောင်တန်းဆီသို့ .. စာ(၁၅)



ရန်ကုန်နှင့်ပြည်ဖုံများရှိ သီလရှင်များ .. စာ(၇)










ကျမ်းစာတော်မြတ်သင်တန်း .. စာ(၆)






စိန့်ဂျွန်းကိုယ်ပိုင်ကျောင်း .. စာ(၁၄)



မိုင်းဖြတ်သာသနာ .. စာ(၆)



ကရင် ဘာသာ သောတရှင်များတွေ့ဆုံပွဲ ... စာ (၅)